ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (11-8-2003) (၃၉၅၉)

ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

စိမ်းလန်းစိုပြည်ရေးမှာကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် အစိုးရနည်းပညာကောလိပ်(မအူပင်)တွင် ပရဝဏ် စိမ်းလန်းစိုပြည် သာယာလှပရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အထူးအာရုံစိုက် အကောင်အထည်ဖော်ပေးသည်နှင့်အမျှ မအူပင်ဒေသကြီးတစ်ခုလုံး နေ့ချင်းညချင်းဆိုသလို သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိ အထူးကုဆေးရုံသစ်ကြီး ပေါ်ထွန်းလာခြင်းဖြင့် ဒေသပြည်သူများ ကျန်းမာရေးထိရောက်စွာ စောင့်ရှောက်နိုင်

နိုင်ငံကြီးအချို့က ပြည်သူ့အကျိုးစီးပွား မလိုလားသူအချို့နှင့်ပေါင်းကာ စီးပွားရေးပိတ်ဆို့လိုက်ချိန်တွင် စပါးတစ်ဧက အနည်းဆုံး တင်း ၁၀၀ ထွက်ရေး ဝီရိယစိုက်ကြိုးပမ်းခြင်းဖြင့် ပြန်လည်ခိန်ခေါ်

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၇နာရီ မိနစ် ၅၀ တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးသို့ ရောက်ရှိကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

နိုင်ငံတော်အစိုးရသည် မအူပင်ဒေသကို ဖွံ့ဖြိုးရေး အထူးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး အထူးဒေသကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန် မအူပင်ခရိုင် ဆေးရုံကြီးကို ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွဲ့စည်းပေးခဲ့ပြီး သစ်လွင်ခံ့ညားထည်ဝါသော အောက်ပါဆေးရုံအဆောက်အအုံသစ်ကြီးကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံ-သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁–၈–၂၀၀၃
(တနင်္လာနေ့)

ပြည်နယ်နှင့်တိုင်းများအကြားအလပ်မရှိဖွံ့ဖြိုးရေးဖော်ဆောင် ဒေသဖွံ့ဖြိုးမှုနှင့်အတူပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မြဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၌ အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းနှင့် နိုင်ငံတော်၏ အခြေခံဒေသများဖြစ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို အချိတ်အဆက်မိမိ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ ငွေကျပ်သန်းပေါင်း ၄၃၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယင်းသို့ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း အခြေခံဒေသများအထိ ကွင်းဆင်းကာ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်လ ၄ ရက်နေ့က ကချင်ပြည်နယ် ပန်ဝါမြို့၊ လိုင်ဇာမြို့နှင့် ဗန်းမော်မြို့တို့သို့ သွားရောက်ပြီး ဒေသခံတိုင်းရင်းသား အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံကာ နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ချမှတ်ဖြည့်ဆည်းအကောင်အထည်ဖော်ပေးနေမှုများကိုလည်းကောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း ဆွေးနွေးမှာကြားခဲ့သည်။

ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ ပန်ဝါဒေသသည် တစ်ချိန်က တည်ငြိမ်အေးချမ်းမှု ကင်းမဲ့သော ဒေသဖြစ်ခဲ့သော်လည်း ယခုအခါတွင် ငြိမ်းချမ်းမှု၊ ချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ပြည်ထောင်စု စိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ တိုးတက်ဖြစ်ထွန်းလျက် ရှိနေပြီဖြစ်သည်။ ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် လိုင်ဇာမြို့သည် ယခင်က ကျေးရွာအဆင့်သာ ရှိခဲ့သော်လည်း နိုင်ငံတော်နှင့်အတူ ဒေသခံ တိုင်းရင်းသားအဖွဲ့များ လက်တွဲကြိုးပမ်း ဆောင်ရွက်မှုကြောင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့သော မြို့တစ်မြို့ဖြစ်သည်။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယမန်နှစ် ဇူလိုင်လ မိုးရာသီ၌ မြစ်ကြီးနားမှ လိုင်ဇာ၊ ဗန်းမော်မှ လိုင်ဇာလမ်းတွင် ယာဉ်များသွားလာနိုင်မှု မရှိခဲ့သော်လည်း နိုင်ငံတော်နှင့်အတူ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ၏ ပြုပြင် ဆောင်ရွက်ခဲ့မှုကြောင့် ယခုနှစ် ဇူလိုင်လ မိုးရာသီတွင် မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများအတွက် ဆက်သွယ်သွားလာရေး အဆင်ပြေသွားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့၏ ပန်ဝါမြို့နှင့် လိုင်ဇာမြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ ပေးပို့သော လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မတည်ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ စီကို လည်းကောင်း၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများအတွက် မတည်ထောက်ပံ့ငွေများကို လည်းကောင်း၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် မတည်ထောက်ပံ့ငွေများကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်က နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်း ဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်နှင့်အတူ ဒေသခံတိုင်းရင်းသား ပြည်သူများ အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ ပိုမိုတိုးတက်ခိုင်မြဲလျက်ရှိသည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၃ ခုနှစ် ကာဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များ လေ့လာရန် သတ်မှတ်သော သီချင်းများ

(ယမန်နေ့မှအဆက်)

ဓမ္မပူဇာတေး

၁။ ပညာရှင်အဆင့် (အမျိုးသား)
(က) စိတ် (ခင်မောင်ရင်)
(ခ) ဗုဒ္ဓသာသနာရောင် (ဥသြဘသောင်)
(ဂ) နေရဥ္စရာ (စိန်ပါတီ)
(ဃ) မေတ္တာဝေသံဆန်း (ဝင်းဦး)
(င) ပတ္တမြားပလ္လင် (ဂီတာစိမ်းမောင်)
(စ) လောကလူ့ဘုံ (ရတနာပုံမောင်စု)
(ဆ) ဇောခိပင်နှင့်ရွှေပလ္လင် (ဒေါ်ကြည်အောင်)
(ဇ) ကျောင်းတော်ရာ (ပြည်ဘရှင်)
(ဈ) တေဘုမ္မာ (စိန်ဂျွန်းခင်မေ)
(ည) ၃၈ ဖြာမင်္ဂလာ (ကြည်ကြည်ဌေး)

၂။ ပညာရှင်အဆင့် (အမျိုးသမီး)
(က) မဟာတြိရတနာ (ရီရီသန့်)
(ခ) နီးအောင်ပင်လှမ်း (ဒေါ်ကြည်အောင်)
(ဂ) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)
(ဃ) ကမ္ဘာမဏ္ဍိုင် (ဒေါ်ကြည်အောင်)
(င) တောထွက်ခန်း (မသိန်းဟံ)
(စ) မင်္ဂလာဆုတောင်း (ဒေါ်တင်အုန်း)
(ဆ) ဖွားဖက်တော် (လေဘာတီမမြရင်)
(ဇ) မိဘမေတ္တာ (ဒေါ်ကြည်အောင်)
(ဈ) ကုသိနာရုံ (ဒေါ်ကြည်အောင်)
(ည) တေဘုမ္မာ (စိန်ဂျွန်းခင်မေ)

၃။ ဝါသနာရှင်အဆင့် (အမျိုးသား)
(က) ဝေဿန္တရာ (ခင်မောင်ရင်)
(ခ) အောင်နိမိတ် (ဒေါ်ကြည်အောင်)
(ဂ) အောင်ခြင်းရှစ်ပါး (မေရှင်)
(ဃ) မဟာဇနက (ခင်မောင်ရင်)
(င) ဝိပဿနာ (မောင်မောင်ကြီး)

၄။ ဝါသနာရှင်အဆင့် (အမျိုးသမီး)
(က) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
(ခ) စိတြဂီဝါ (ဒေါ်ကြည်အောင်)
(ဂ) သတ္တဌာန (မသိန်းဟံ)
(ဃ) အောင်ခြင်းရှစ်ပါး (မေရှင်)
(င) ဓမ္မစကြာ (ဒေါ်ကြည်အောင်)

၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
(က) ဗြဟ္မစိုရ် (ကိုထွန်းရွှေ)
(ခ) အောင်စည်ဖြောသံ (ကိုကျော်ရှိန်)
(ဂ) ဂုဏ်တော်ကိုးသွယ် (ကိုထွန်းရွှေ)
(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)
(က) မြင်းမိုရ်ပွဲ (စိန်ဂျွန်းခင်မေ)
(ခ) ယောကျ်ားဆုပန် (လေဘာတီမမြရင်)
(ဂ) လမြတ်ဝါဆို (ခင်ခင်ညွန့်)
(ဃ) အစိန္တေယျ (ဌေးဌေးမြင့်)

၇။ အခြေခံပညာ (၁၅–၂၀)နှစ် (အမျိုးသား)
(က) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်)
(ခ) ဗြဟ္မစိုရ် (ကိုမြသောင်း)
(ဂ) မဟာဒုတ် (ဥသြဘသောင်)
(ဃ) မြတ်ဒေသနာ (သထုံဘသိန်း)

၈။ အခြေခံပညာ (၁၅–၂၀)နှစ် (အမျိုးသမီး)
(က) ဇေယျာရွှေမြေ (ဌေးဌေးမြင့်)
(ခ) ဒါနပါရမီ (တင်တင်မြ)
(ဂ) ဗုဒ္ဓရောင်ခြည် (တင်တင်မြ)
(ဃ) ဆုမြတ်ခေမာ (မနီနီ)

၉။ အခြေခံပညာ (၁၀–၁၅)နှစ် (အမျိုးသား)
(က) ဖြူနီညိုပြာ (ကိုတင်အောင်သန်း)
(ခ) ဆုတောင်းပတ္ထနာ (ကိုညွန့်လွင်)
(ဂ) မြတ်ရွှေတိဂုံ (ကိုမင်းနောင်)
(ဃ) အာစရိယဆရာ (သိန်းဟံလေး)

၁၀။ အခြေခံပညာ (၁၀–၁၅)နှစ် (အမျိုးသမီး)
(က) အောင်ခြင်းရှစ်ဖြာမင်္ဂလာ (ထားထားဦး)
(ခ) သီဝက (ဒေါ်တင်အုန်း)
(ဂ) တေဇသုနေမ (ဒေါ်ကြည်အောင်)
(ဃ) မိဂဒါဝုန် (ယဉ်ယဉ်အောင်)

၁၁။ အခြေခံပညာ (၅–၁၀)နှစ် (အမျိုးသား)
(က) ကျိုက္ခမိရေလယ်ဘုရား (မြင့်မြင့်ရှိန်)
(ခ) ဗုဒ္ဓဝင် (ခင်မောင်ရင်လေး)
(ဂ) မဟာဇနက (ဒေါ်ရင်ရင်)
(ဃ) စိတ်ထားလေးကောင်းရင်ဖြင့် (ထားထားဦး)

၁၂။ အခြေခံပညာ (၅–၁၀)နှစ် (အမျိုးသမီး)
(က) ဂေါတမမြတ်ဘုရားဂုဏ် (တင်တင်မြ)
(ခ) သုံးလူ့ရှင်ပင် (မေချစ်)
(ဂ) မေတ္တာသံဝေ (လှလှရီ)
(ဃ) ထိုသုံးပါး (ထိပ်တင်စန်း)

(ဆက်လက်ဖော်ပြပါမည်)

ဝံသာနုသတင်းလွှာဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၀

အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် ဖောက်ခွဲဖျက်ဆီးရေး မျက်နှာဖုံး ပုံရိပ်နှင့်အတူ "ဒီမိုကရေစီတံဆိပ် ကပ်ထားသော အကြမ်းဖက်

အဖျက်သမားများ" သတင်းဆောင်းပါးဖြင့် အတွဲ(၁၂)၊ အမှတ် (၁၆) ဝံသာနုသတင်းလွှာကို ယနေ့ ထုတ်ဝေလိုက်သည်။ **(အောက်ဝဲပုံ)**

ဝံသာနုသတင်းလွှာတွင် နိုင်ငံပိုင်ကျွန်းသစ် တရားမဝင် သယ်ဆောင်လာသူများ၊ သိဒ္ဓိတန်ခိုးနှင့် နှစ်ဆတိုးအောင်လုပ်မယ်ဆိုပြီး၊ ခြင်ဆေးခွေမီး ပေါ့ဆမိလို့၊ ရန်ကုန်–သန်လျင်လိုင်းမှ စည်းကမ်းမဲ့ ကြားကားများစသော ပြည်တွင်း သတင်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းနှင့်အတူ ဖမ်းဆီးမိသော ထိုင်းလူငယ်နှစ်ဦး၊ ဗုံးကြောင့် မသေခဲ့ရသော ဗုံးကျွမ်းကျင်သူ၏ ကံကြမ္မာ၊ ထိုင်းမူးယစ်ဈေးကွက်ထဲသို့ ဝင်ရောက်လာသော စိတ်ကြွရူးသွပ်ဆေးပြားများ၊ အီရတ်ပြည်သူတို့၏ လူမှုဒုက္ခခံစားမှုများ၊ အမေရိကန်နိုင်ငံမှ ယောဂကျင့်စဉ်ပြိုင်ပွဲ၊ ပြန်လည်နိုးထ ရှင်သန်လာသော ကဘူးမြို့တော်၊ ဗန်ကောက်မြို့ စားသောက်ဆိုင် တစ်ဆိုင်မှ သေနတ်ပစ်ခတ်မှု၊ ဂျပန်နိုင်ငံတွင် စီးပွားရေးကျပ်တည်းမှုကြောင့် သေကြောင်းကြံစည်မှုများပြား၊ ကြော်ငြာသားကောင်ဖြစ်နေသော မော်ဒယ်လ်များ၊ ရောမသူရဲကောင်း ဝတ်စုံနှင့် ဒေးဗစ်ဘက်ဟမ်း အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) (၂၉)လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

မငိုကြသောမိသားစုနှင့် ဓမ္မစာစုများစာအုပ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၀

အမှတ်(၈၉) (၅၂)လမ်း(အလယ်) ပုဇွန်တောင်မြို့နယ် ဖုန်း–၂၄၆၂၇၀ နှင့် ၂၀၂၄၅၂က ဖြန့်ချိသော ဓမ္မဒူတ အရှင်ပညိဿရ (ဓမ္မစရိယ၊ ဘီအေ၊ အမ်အေ) ရေးသားသော "မငိုကြသောမိသားစု"နှင့် ဓမ္မစာစုများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်းသိရသည်။ **(အောက်ပုံ)** (က–ပ)

အီရတ်အုပ်ချုပ်ရေးကောင်စီကို ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုမည့် ဆုံးဖြတ်ချက်ချရန် ရုရှားတိုက်တွန်း

မော်စကို ဩဂုတ် ၉

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် လက်ရှိအီရတ်အုပ်ချုပ်မှုကောင်စီအား ကြားဖြတ်အစိုးရအဖွဲ့အဖြစ် အသိအမှတ်ပြုမည့် ဆုံးဖြတ်ချက်အသစ်တစ်ရပ်ကို ချမှတ်ရန် လိုအပ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဂေါ်အိုင်ဗန်နော့ဗ်က တိုက်တွန်းလိုက်သည်။

—— သတ်သတ်မှတ်မှတ် ——

အဆိုပါ ဆုံးဖြတ်ချက်သစ်က အနာဂတ်ကာလတွင် တရားဝင် အီရတ်အစိုးရထူထောင်မည့် ကုလသမဂ္ဂက သဘောတူထောက်ခံသည့် အချိန်သတ်မှတ်ချက်ကို သတ်သတ်မှတ်မှတ် ဖော်ပြရမည်ဟု အိုင်ဗန်နော့ဗ်၏ ပြောကြားချက်ကို အင်တာဖက်စ်သတင်းဌာနနှင့် အီတာတပ်စ်သတင်းဌာနများက ဖော်ပြသည်။

ယင်းဆုံးဖြတ်ချက် လုပ်ငန်းစဉ်မူဘောင်အတွင်းမှ လုံခြုံရေးကောင်စီက အီရတ်အုပ်ချုပ်မှုကောင်စီအား ကြားဖြတ်အာဏာပိုင်အဖွဲ့တစ်ရပ်အဖြစ် အသိအမှတ်ပြုနိုင်ဖွယ်ရှိပြီး ၎င်းအဖွဲ့က ကုလသမဂ္ဂနှင့်အတူ လက်တွဲ၍ ဖွဲ့စည်းပုံဥပဒေသစ်တစ်ရပ် ချမှတ်ရေးနှင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို သတ်မှတ်ထားသည့် အချိန် သတ်မှတ်ချက်အတွင်း အာမခံချက်ပေးနိုင်စေရန် ပူးပေါင်းဆောင်ရွက်သင့်ကြောင်းကို အိုင်ဗန်နော့ဗ်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ တီကရစ်မြို့ရှိ ဈေးတစ်ဈေး၏ ကောင်းကင်ယံပေါ်တွင် ဝဲပျံစောင့်ကြပ်နေသည့် အမေရိကန်ကြည်းတပ် ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စင်းကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြားအကျိုးစီးပွား အီရတ်ကာကွယ်ရန် တရုတ်နိုင်ငံ ပြောဆို

ဘေဂျင်း ဩဂုတ် ၉

အီရတ်နိုင်ငံအတွင်း၌ နိုင်ငံခြားတိုင်းပြည်များ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ပေးသင့်ကြောင်းဖြင့် တရုတ်နိုင်ငံက တိုက်တွန်းပြောကြားလိုက်သည်။

အီရတ်နိုင်ငံမှ ကာ့ဒ်ခေါင်းဆောင်နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီဝင် ဂျလားတာလာဘာနီအား ပီကင်း၌ တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ကျားရွှင်က လက်ခံတွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်ဟု ချိုင်းနားဒေလီသတင်းစာက သောကြာနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတော် ကောင်စီဝင်တန်က ဧည့်သည်တော် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်အား သမ္မတ ဆက်ဒမ်ဟူစိန်လက်ထက်က တရုတ်ကုမ္ပဏီများနှင့် လက်မှတ်ရေးထိုးခဲ့သော ကန်ထရိုက်စာချုပ်များကို ရည်ညွှန်းကာ ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ စီးပွားရေး ပြန်လည်တည်ဆောက်ရေးတွင် အပြုသဘော ပါဝင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အသင့်ရှိကြောင်းဖြင့်လည်း မစ္စတာတန်က ဧည့်သည်တော် အီရတ်ခေါင်းဆောင်အား ပြောကြားလိုက်သည်။ ***အင်တာနက်။***

ဆက်ဒမ်သည် ရုပ်ဖျက်ပြီး အမေရိကန်တပ်သားများအား တိမ်းရှောင်နေ မျိုးနွယ်စုဝင်များက ကူညီဖွယ်ရှိဟု အမေရိကန်ဗိုလ်ချုပ်ကြီး ပြောကြား

တီကရစ်(အီရတ်) ဩဂုတ် ၉

ဆက်ဒမ်ဟူစိန်သည် ရုပ်ဖျက်၍ မကြာခဏ ဟိုမှသည်မှ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့် အမေရိကန်တပ်သားများအား တိမ်းရှောင်လျက်ရှိပြီး ၎င်း၏ မျိုးနွယ်စုအဖွဲ့ဝင်များက ဆက်ဒမ်ဟူစိန်အား ယင်းသို့ နေထိုင်နိုင်ရန် အကူအညီပေးဖွယ်ရှိကြောင်း ဆက်ဒမ်ဟူစိန်၏ဇာတိမြေ တီကရစ်တစ်ဝိုက်ဒေသမှ အမေရိကန်ဗိုလ်ချုပ်ကြီးက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

တစ်ပြေးတည်းပြေး

ဆက်ဒမ်ဟူစိန်မှာ တစ်ပြေးတည်း ပြေးနေရပြီး တစ်နေရာမှ တစ်နေရာသို့ သုံးနာရီ လေးနာရီခြား ရွှေ့ပြောင်းနေလျက်ရှိကြောင်း ဗိုလ်ချုပ် ရေးအိုဒီယာနိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိုဒီယာနိုသည် အမှတ်(၄) ခြေလျင်တပ်မတွင် အုပ်ချုပ်လျက်ရှိသည်။ အဆိုပါတပ်မသည် ဆက်ဒမ်ဟူစိန်အား ယနေ့တိုင် ထောက်ခံလျက်ရှိသူ အနံ့အပြားနေထိုင်သည့် ဘဂ္ဂဒက်မြောက်ပိုင်း ကျယ်ပြန့်သော အီရတ်နိုင်ငံတစ်ဝန်းတွင် အုပ်ချုပ်လျက်ရှိသော တပ်ဖြစ်သည်။

အဝတ်အစားပုံစံပြောင်း

ဆက်ဒမ်ဟူစိန်သည် အမှတ်(၄) ခြေလျင်တပ်မ စစ်ကြောင်းဒေသတွင် နေလျက်ရှိ၊ မရှိနှင့် ပတ်သက်၍ အသေအချာမသိကြောင်း အိုဒီယာနိုက သတင်းထောက်များအား ပြောကြားသည်။ သို့ရာတွင် နေ့စဉ်ရသည့် ထောက်လှမ်းရေးသတင်းအသီးသီး၏ ဖော်ပြချက်အရ ဆက်ဒမ်သည် ၎င်းဒေသတွင် ရှိနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆက်ဒမ်သည် တစ်နေ့တည်းတွင်ပင် သုံးနာရီခြား၊ လေးနာရီခြားဆိုသလို အထင်အရှား ရွှေ့ပြောင်းနေထိုင်ကြောင်း၊ မိမိအမြင် ပြောရပါက ဆက်ဒမ်သည် တစ်နည်းမဟုတ်တစ်နည်း ရုပ်ဖျက်ကာ အဝတ်အစားပုံစံပြောင်း၍ နေထိုင်ကြောင်းဖြင့် အိုဒီယာနိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လိုင်ဘေးရီးယားသို့ ငြိမ်းချမ်းရေးတပ်များ စေလွှတ်ရန် နိုင်ငံ ၉၀ ကျော်အား ကုလသမဂ္ဂ မေတ္တာရပ်ခံ

ကုလသမဂ္ဂ ဩဂုတ် ၉

ကုလသမဂ္ဂအဖွဲ့က လိုင်ဘေးရီးယားနိုင်ငံ တည်ငြိမ်မှု ထိန်းသိမ်းရေးအတွက် ငြိမ်းချမ်းရေးတပ်များ စေလွှတ်ရန် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ တောင်အာဖရိကနှင့် အိုင်ယာလန် အပါအဝင်နိုင်ငံပေါင်း ၉၀ ကျော်ကို မေတ္တာရပ်ခံထားပြီး ထိုသို့သော ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ မရှိလျှင် ဒေသကြီးတစ်ခုလုံး မတည်မငြိမ်ဖြစ်သွားနိုင်ကြောင်း ပြောကြားလိုက်သည်။

အစားထိုးရန်စီစဉ်

နိုင်ဂျီးရီးယားနိုင်ငံမှ အများဆုံးဖြစ်သည့် လက်ရှိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အာဏာပေးအပ်ခြင်းခံရသည့် နိုင်ငံစုံတပ်များနေရာကို နိုဝင်ဘာ ၁ ရက်တွင် အင်အား ၁၂၀၀၀ မှ ၁၅၀၀၀ အထိရှိသော ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖြင့် အစားထိုးရန် ကုလသမဂ္ဂကစီစဉ်နေသည်။

ကတိပေးထား

ဘင်္ဂလားဒေ့ရှ်က တပ်သား ၄၈၀၀ နှင့် နမီဘီးယားနိုင်ငံက တပ်သား ၁၆၀၀ စေလွှတ်ရန် ကတိပေးထားကြောင်း သံတမန်များက ပြောဆိုသည်။ အဆိုပါ နှစ်နိုင်ငံပေါင်း တပ်သားအင်အားမှာ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်၏ ထက်ဝက်ခန့်ရှိသည်။

ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်များ စေလွှတ်ပေးရန် လိုက်ဘေးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်က မေတ္တာရပ်ခံခြင်းဖြစ်သည် ဆို၏။

အမ်အင်အေ၊ပီတီအိုင်။

မလေးရှား၌ မူးယစ်ဆေးဝါးနှိမ်နင်း

ကွာလာလမ်ပူ ဩဂုတ် ၇

မလေးရှားနိုင်ငံတွင် နိုင်ငံတစ်ဝန်း ဆောင်ရွက်သည့် မူးယစ်ဆေးဝါး နှိမ်နင်းရေး စစ်ဆင်ရေးတစ်ရပ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူနှင့် သယ်ဆောင်ဝယ်သူများအဖြစ် သင်္ကာမကင်းခံရသူ လူ ၃၁၇ ဦးကို ထိန်းသိမ်းလိုက်ကြောင်း မလေးရှားရဲတပ်ဖွဲ့ဌာနချုပ်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

မလေးရှား ရဲတပ်ဖွဲ့ဝင်များသည် ဘိန်းဖြူ ၁၁၈ ဒသမ ၇ ဂရမ်၊ ဆေးခြောက် ၄၆၇ ဒသမ ၈ ဂရမ်၊ အက်စတာစီဆေးပြား ၂၇ ဘူး၊ ချောင်းဆိုးပျောက်ဆေးရည် ၄၁၄ ဒသမ ၂ လီတာကို နိုင်ငံတစ်ဝန်း ပြုလုပ်သည့် မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်ရေး လုပ်ငန်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်းရှင်းလင်းပွဲတစ်ရပ်တွင် ရဲမင်းကြီး ဂျမ်ရှန်မူစတာပါက ပြောကြားသည်။

မလေးရှား မူးယစ်ဆေးဝါးကောင်စီသည် ၂၀၀၃ ခုနှစ်ကို **မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲနှစ်** သတ်မှတ်ထားသည်။

မလေးရှားနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အက်ဥပဒေအရ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းကို ပြင်းထန်စွာ ဖော်ပြထားသည်။ အပြစ်ပေးရန် မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါး ကျူးလွန်သူများကို ရင်းဂစ် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၃၁၅) အထိ ဒဏ်ငွေတပ်ရန် သို့မဟုတ် ထောင်ဒဏ် နှစ်နှစ်ချမှတ်ရန် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံမှ ရီးယဲမဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်း(ယာ)**နှင့် ကစားဖော် လူးဝစ်ဖီဂိုတို့ ဗန်ကောက်မြို့ အင်ပါရီရယ်ကွင်း ဟိုတယ်သို့ ဩဂုတ် ၉ ရက်က ရောက်ရှိစဉ် ပန်းကုံးများဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။ (ရီးယဲမဒရစ်အသင်းသည် တရုတ်၊ ဂျပန်နှင့် ဟောင်ကောင်တို့ ပါဝင်သည့် အာရှ သရုပ်ပြပွဲဘောလုံးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ နောက်ဆုံးခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။)**

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံ၌ ဆေးခြောက်များ ဖမ်းဆီးရမိ

အစ္စလမ္မာဘတ် ဩဂုတ် ၈

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်အရှေ့တောင်ပိုင်း ခိုင်ပါမြို့အနီးရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ပါကစ္စတန်ရဲတပ်ဖွဲ့က ဆေးခြောက် ကီလိုဂရမ် ၈၀၀ ခန့် ဖမ်းဆီးရမိသည်။

ပါကစ္စတန်ရဲတပ်ဖွဲ့က အဆိုပါအဝေးပြေးလမ်းမကြီးပေါ်တွင် ရှာဖွေမှုပြုလုပ်ရာ၌ ရေနံတင်ကားဟု သင်္ကာမကင်းဖြစ်သည့် ကားတစ်စီးကို ရပ်ခိုင်းပြီး ရှာဖွေစဉ် ပလတ်စတစ်အိတ်နှင့် ထုပ်ထားသော မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခြင်းဖြစ်သည်ဟု ပါကစ္စတန် သတင်းဌာနက ဖော်ပြသည်။

ဝန်ခံပြောကြား

ရဲတပ်ဖွဲ့က ယာဉ်မောင်းနှင့် ၎င်း၏ ကြံရာပါတစ်ဦးကိုပါ ဖမ်းဆီးလိုက်သည်။ ကြံရာပါက ၎င်းတို့သည် ပါကစ္စတန်နိုင်ငံ၏မြို့တော် ကရာချိသို့ တားမြစ်ထားသည့် အဆိုပါ မူးယစ်ဆေးဝါးများအား ၎င်းတို့က သယ်ဆောင်ပို့ပေးနေခြင်းဖြစ်သည်ဟု ဝန်ခံပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စစ်ပွဲလွန်ခေတ် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ပူးတွဲကြိုးပမ်းသွားရန် ရုရှားနှင့် အမေရိကန် ကတိပြု

မော်စကို ဩဂုတ် ၉

ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့က အီရတ်စစ်ပွဲလွန်ခေတ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပြန်လည်ရရှိစေရေးဆိုင်ရာ ပူးတွဲကြိုးပမ်းမှုများအား ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ကြာသပတေးနေ့က ကတိကဝတ်ပြုကြသည်။

ကတိကဝတ်ပြု

ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဘန်းက ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်နှင့် မော်စကိုမြို့တွင် ဆွေးနွေးပြီးနောက် ပြောကြားရာတွင် အီရတ်ပြန်လည်တည်ဆောက်ရေးနှင့်ဆက်နွှယ်သည့် ပြဿနာပေါင်းစုံကို ၎င်းတို့ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အီရတ်နိုင်ငံပြန်လည် နိုးထရှင်သန်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရန်ကိုလည်း ကတိကဝတ်ပြုကြသည်ဟု ပြောကြားသည်။

သိရှိထား

ရုရှားနှင့် အမေရိကန် နှစ်ဖက်စလုံးက အီရတ်နိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ရုရှားကုမ္ပဏီများနှင့် ပတ်သက်သည့် ကိစ္စများကို ဆွေးနွေးကြကြောင်း ဝီလျံဘန်းက ပြောကြားပြီး အီရတ်နိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်ရေး၌ ရုရှားကုမ္ပဏီများက လွန်စွာ စိတ်ဝင်တစားရှိနေသည်ကို အမေရိကန်ပြည်ထောင်စုက သိရှိထားကြောင်းကို ထပ်လောင်းပြောကြားသည်။

တိုးချဲ့သင့်

ဆုံးဖြတ်ချက် အမှတ်-၁၄၈၃ ဖော်ဆောင်ရေးကို အာမခံချက်ပေးနိုင်မည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ မူဘောင်အတွင်းမှ အမေရိကန်ပြည်ထောင်စုက ရုရှားနှင့် ဆက်ဆံရေး တိုးချဲ့သင့်ကြောင်းကို ဘန်းက ဆက်လက်ပြောကြားသည်။

မျှော်လင့်

ဘန်းက အီရတ်အုပ်ချုပ်မှုကောင်စီ၏ အခန်းကဏ္ဍကို ချီးကျူးပြောကြားပြီး အဆိုပါအဖွဲ့က ဒေသတည်ငြိမ်ရေး ဆက်လက်ထိန်းသိမ်းရာတွင် အရေးပါသည်ကို သက်သေအဖြစ်ပြနိုင်သည်ဟု မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားသည်။

တိုက်တွန်း

ကြာသပတေးနေ့ စောစောပိုင်းကာလတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဗန်နော့ဗ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် အီရတ်နိုင်ငံအား နိုင်ငံရေးအရ ဖြေရှင်းရေး အလားအလာနှင့် အီရတ်နိုင်ငံတွင် တရားဝင်အစိုးရ ဖွဲ့စည်းရေး ဖော်ပြထားမည့် အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်သစ်တစ်ရပ် ချမှတ်ရေးကို တိုက်တွန်းထားသည်။

သဘောတူညီ

အိုင်ဗန်နော့ဗ်၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဘန်းက ပြတ်ပြတ်သားသား ဝေဖန်ပြောကြားမှု မရှိသေးဘဲ အီရတ်နိုင်ငံ၏ စစ်ပွဲလွန်ခေတ် ပြဿနာဖြေရှင်းရေးဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အသစ် ချမှတ်ရေးအတွက် လိုအပ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က အပြန်အလှန် သဘောတူညီမှု ရှိကြောင်း ဖီဒိုတော့ဗ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြည့်ရှု

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ဒုံးကန်အားသုံး လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက်ပျက်စီးသွားသည့် အမေရိကန် စစ်ယာဉ်တစ်စီးမှ စက်သေနတ်ကြီးတစ်လက်၏ အစိတ်အပိုင်းများကို ဩဂုတ် ၉ ရက်က အီရတ်လူမျိုးများ ကြည့်ရှုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်သားနှစ်ဦး သေဆုံးဟု ပြောဆို

ဘဂ္ဂဒက် ဩဂုတ် ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် နောက်ဆုံးတိုက်ခိုက်မှု ဖြစ်ပွားရာ အမေရိကန်စစ်သားနှစ်ဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

အယ်လ်ရာရှစ်ခရိုင်တွင် ဗုဒ္ဓဟူးနေ့ ည ၁၁ နာရီတွင် တိုက်ခိုက်မှုဖြစ်ပွားရာ အမှတ်(၁) သံချပ်ကာတပ်မမှ စစ်သားများ သေဆုံးကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရက အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ အဆုံးသတ်သွားပြီဖြစ်ကြောင်း မေ ၁ ရက်က ကြေညာပြီးသည့်နောက် အမေရိကန်စစ်သားများ သေဆုံးသည့်အရေအတွက်မှာ ၅၅ ဦးထိ ရောက်ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ကုလသမဂ္ဂ ဆုံးဖြတ်ချက်ချမှတ်ရေး ထောက်ခံမည်

လန်ဒန် ဩဂုတ် ၉

ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အသစ်ချမှတ်ရေးအား ထောက်ခံရန် အသင့်ရှိသည်ဟု ဗြိတိန်ဝါရင့်ဝန်ကြီးတစ်ဦးက ပြောကြားကြောင်း စနေနေ့ကထုတ်ပြန်သည့် တွေ့ဆုံမေးမြန်းခန်းတွင် ဖော်ပြထားသည်။ မိမိတို့အနေဖြင့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အသစ် ချမှတ်ရေးကို မျှော်လင့်ထားကြောင်း ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး ဘာရွန်နက်စ်ဗယ်လာရီအေပို့စ်က ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာသို့ ပြောကြားသည်။

စဉ်းစားနေ

အီရတ်နိုင်ငံတွင် လုံခြုံရေးစစ်ဆင်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးအတွက် တပ်သားများ ပိုမိုစေလွှတ်နိုင်ရန် နိုင်ငံရေးအခြေခံအချက်တစ်ရပ်အနေဖြင့် ဆုံးဖြတ်ချက်တစ်ရပ် တင်ပြရေးကို လာမည့်လတွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌရာထူး တာဝန်ယူမည့်ကိစ္စကို အသုံးချရန် ဗြိတိန်က စဉ်းစားနေကြောင်း ဂါဒီယန်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

ရုရှားနှင့် ပြင်သစ်နိုင်ငံတို့က စစ်ပြီးကာလ အီရတ်အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အသစ်ချမှတ်ရန် တိုက်တွန်းနေပြီး ယင်းသို့ချမှတ်ခြင်းသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတကာ၏ ထောက်ခံမှုကို ပိုမိုရရှိစေမည်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်လက်နက် အစီအစဉ်ဆိုင်ရာ အစီရင်ခံစာသစ် ဗြိတိန်အစိုးရက ထုတ်ပြန်ရန် စီစဉ်နေ

လန်ဒန် ဩဂုတ် ၉

စက်တင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ဗြိတိန်နိုင်ငံ အာဏာရ လေဘာပါတီညီလာခံအမီ စက်တင်ဘာလအတွင်း ဗြိတိန်အစိုးရက အီရတ်လက်နက်အစီအစဉ်မှတ်တမ်း အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံမှ အင်ဒီပင်းဒင့်သတင်းစာက သောကြာနေ့တွင် ရေးသားလိုက်သည်။

အခြေခံ

အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ပြီးကတည်းက အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များကို ရှာဖွေခဲ့သည့် အမေရိကန်နှင့် ဗြိတိန်အုပ်စုများဖြင့် ဖွဲ့စည်းထားသည့် အီရတ်လေ့လာသုံးသပ်ရေးအုပ်စု (အိုင်အက်စ်ဂျီ) ၏ တွေ့ရှိချက်များကို အခြေခံ၍ အီရတ်လက်နက်အစီအစဉ်မှတ်တမ်း အစီရင်ခံစာကို ထုတ်ပြန်မည်ဖြစ်သည်ဟု သတင်းစာက ရေးသားသည်။ အီရတ်လေ့လာသုံးသပ်ရေးအုပ်စု (အိုင်အက်စ်ဂျီ)၏ အစီရင်ခံစာကို ဗြိတိန်အစိုးရထံ မတင်သွင်းမီ ဂျွန်စကားလက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ပူးတွဲထောက်လှမ်းရေးကော်မတီသို့ တင်ပြမည်ဟု မျှော်လင့်ရသည်။

တွေ့ဆုံမေးမြန်း

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေး၏ ညွှန်ကြားမှုဖြင့် အိုင်အက်စ်ဂျီ အဖွဲ့များသည် အီရတ်သိပ္ပံပညာရှင်များ၊ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အစိုးရ၏ အရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ဆို၏။

အီရတ်နိုင်ငံ၌ အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များကို ယခုအထိ အစအနမျှပင် အထောက်အထား မတွေ့ရှိရသေးပေ။ သို့သော် အိုင်အက်စ်ဂျီအဖွဲ့ဝင်များက အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များထုတ်လုပ်ရေး အီရတ်၏အစီအစဉ်များကို ရှာဖွေတွေ့ရှိမည်ဟု မျှော်လင့်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည် အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ်၏ မြို့တော်ရှိ ပြတိုက်တစ်ခုအတွင်း ပြသထားသည့် ရေနွေးငွေ့ ရထားစက်ခေါင်းတစ်ခုကို ဩဂုတ် ၉ ရက်က ကမ္ဘာလှည့်များ ကြည့်ရှုလေ့လာနေစဉ်။ (အဆိုပါ ပြတိုက်တွင် ရှေးခေတ်သုံး ရေနွေးငွေ့ ရထားစက်ခေါင်း ၁၅ မျိုးကို ပြသထားသည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

ဂျပန်ပြည်သူ ၁၆ ဒသမ ၂ သန်း ဆီးချိုရောဂါ ဖြစ်ပွားဖွယ်

တိုကျို ဩဂုတ် ၉

ဂျပန်ပြည်သူ ၁၆ ဒသမ ၂ သန်းသည် ဆီးချိုရောဂါခံစားနေရကြောင်း၊ သို့တည်းမဟုတ် ဆီးချိုရောဂါ ဖြစ်ပွားမည်ဟု သင်္ကာမကင်းဖြစ်ရကြောင်း ၂၀၀၂ ခုနှစ်က ပြုလုပ်သည့် ကျန်းမာရေးဌာန လေ့လာချက်အရ ဗုဒ္ဓဟူးနေ့တွင် သိရှိရသည်။

ခန့်မှန်းခြေအားဖြင့် ဂျပန်ပြည်သူ ၇ ဒသမ ၄ သန်းသည် ဆီးချိုရောဂါ အပြင်းအထန်ခံစားနေရကြောင်း ကျန်းမာရေးဌာနနှင့် လူမှုဝန်ထမ်းဌာန၏ လေ့လာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံခြားသတင်းများ

ဝါရှင်တန်၌ အီရတ်စစ်ဆန့်ကျင်ဆန္ဒပြ

ဝါရှင်တန် ဩဂုတ် ၉

အီရတ်နိုင်ငံကို အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲတစ်ရပ်ကို အမေရိကန်လူမျိုးတစ်စုက ဝါရှင်တန်မြို့တွင် ပြုလုပ်ခဲ့ကြသည်။ ဆန္ဒပြပွဲတွင် သချိုင်းတွင်စိုက်ထူသည့်အမှတ်တရ ကျောက်တိုင်အတုပြုလုပ်ကာ အီရတ်စစ်ပွဲ၏ အဓိကထိုးစစ်ဆင်တိုက်ခိုက်မှုကြီး ပြီးဆုံးသွားပြီဟု သမ္မတဘုရှ်ကြေညာခဲ့သော်လည်း မေလ ၁ ရက်မှစတင်ပြီး အခုအချိန်အထိ အီရတ်လက်နက်ကိုင်များ တိုက်ခိုက်ခံရ၍ သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏အမည်ကို ၎င်းကျောက်တိုင်အတု၌ ကမ္ပည်းထိုးပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ယင်းသို့ ဆန္ဒပြခြင်းသည် အီရတ်စစ်ပွဲပြီးဆုံးပြီဟု သမ္မတ ဘုရှ်ကြေညာခဲ့ပြီးနောက် ရက်တစ်ရာပြည့်သည့်နေ့လည်းဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသွားသည်။

စီအင်န်အင်န်။

ဆက်ဒမ်၏ အမာခံများကို သတ်ဖြတ်မှု အမေရိကန်အပေါ် ပိုမိုဆန့်ကျင်စေမည်

ဘဂ္ဂဒက် ဩဂုတ် ၉

အမေရိကန်တို့ ဦးဆောင်တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန၏ အိုးပင်းဖိုရမ်အစီအစဉ်သို့ ဆက်လက်ရေးသားပေးပို့လျက်ရှိကြရာ အင်္ဂလန်နိုင်ငံမှ ရှုမြင်သုံးသပ်သူတစ်ဦးက ရေးသားပေးပို့ရာတွင် ဆက်ဒမ်ဟူစိန်၏ အမာခံများကို သတ်ဖြတ်နေခြင်းအားဖြင့် အမေရိကန်တပ်ဖွဲ့များအား ရန်ငြိုးဖွဲ့ကာ ဆန့်ကျင်တုံ့ပြန်မှုများ ပိုမိုဖြစ်ပေါ်စေသည့်အတွက် အမေရိကန်အစိုးရအဖွဲ့အနေဖြင့် ကြေကွဲဖွယ်ရာအမှားကို ကျူးလွန်နေခြင်းဖြစ်သည်ဟု မိမိထင်မြင်မိကြောင်း၊ ယခုဖြစ်ပွားနေသည့် တွန်းလှန်ခုခံမှုများသည် ယခင်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ အကြွင်းအကျန်များနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း၊ အမေရိကန်တို့ကြောင့် အီရတ်လူမျိုးများ ဆင်းရဲဒုက္ခခံခဲ့ရသည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသွားသည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံသားများ ဖမ်းဆီးမှုကြောင့် အမေရိကန်တို့အပေါ် ဒေါသထွက်မုန်းတီး

ဘဂ္ဂဒက် ဩဂုတ် ၉

အီရတ်စစ်ပွဲကာလ စစ်ပွဲပြီးဆုံးပြီးနောက်ပိုင်း အီရတ်နိုင်ငံအခြေအနေများကို သွားရောက်သတင်းရယူခဲ့သည့် စီအင်န်အင်န်သတင်းထောက် ဘင်ဝီဒီမင်းက အီရတ်နိုင်ငံအခြေအနေနှင့်ပတ်သက်ပြီး လွန်ခဲ့တဲ့လအတွင်း အမေရိကန်တပ်ဖွဲ့က ရှာဖွေဖမ်းဆီးမှု အမြောက်အမြားပြုလုပ်ခဲ့ကြောင်း၊ သင်္ကာမကင်းသူအများအပြားကိုလည်း ဖမ်းဆီးခဲ့ကြောင်း၊ ယင်းဖမ်းဆီးမှုများကြောင့် အီရတ်နိုင်ငံသားများက အမေရိကန်တို့အပေါ် မုန်းတီးမှုနှင့် ဒေါသထွက်မှုတိုးပွားလာကာ လက်နက်ကိုင်ဆန့်ကျင်လိုစိတ်များပေါ်ပေါက်စေခဲ့ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံတွင်း တပ်စွဲထားမှုကိုလည်း အီရတ်နိုင်ငံသားများက ဆန့်ကျင်ကြသည့်အပြင် အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်အတွက် ပိုမိုဒေါသထွက်ကာ စိတ်ပျက်နေကြသည်။ အမေရိကန်စစ်သားများကို သတ်ဖြတ်နိုင်ပါက ဆုကြေးချီးမြှင့်မည်ဆိုသည့် အချက်သည် အီရတ်ပြည်သူများကို တိုက်ခိုက်စေရန် လှုံ့ဆော်ပေးတယ်ဆိုသော်လည်း အီရတ်တို့က မုန်းတီးစိတ်များကြောင့် ယခုကဲ့သို့ ပြောက်ကျားတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာရခြင်းဖြစ်သည်ဟု ဘင်ဝီဒီမင်းက ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသွားသည်။

စီအင်န်အင်န်။

အီရတ် လက်နက်မှောင်ခိုသမား နှစ်ဦးကို အမေရိကန် လက်ဖြောင့်တပ်သားများ ပစ်သတ်

ဘဂ္ဂဒက် ဩဂုတ် ၉

အီရတ်နိုင်ငံမြောက်ပိုင်းတွင် အီရတ်နိုင်ငံသား သေနတ်မှောင်ခို ရောင်းဝယ်သူနှစ်ဦးကို အမေရိကန် တပ်သားများက သောကြာနေ့တွင် ပစ်သတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အဆိုပါဖြစ်ရပ်မှ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိ တီကရစ်မြို့ ဈေးတစ်ဈေးတွင် ဖြစ်ပွားခြင်းဖြစ်သည်။

ကားတစ်စီးပေါ်မှ သေနတ်များချနေသည်ကို တွေ့မြင်ရသည့်အတွက် အမေရိကန်လက်ဖြောင့်တပ်သားများက ပစ်ခတ်ရာ အီရတ်နိုင်ငံသားနှစ်ဦး သေဆုံးပြီး၊ တစ်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂေါက်သီးရိုက် ယှဉ်ပြိုင်ဟန်

၂၀၀၃ ခုနှစ် အယ်လ်ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်မှ ပြိုင်ပွဲဝင် အားကစားမယ်တစ်ဦး၏ ယှဉ်ပြိုင်ဟန်ကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အရပ်သားယာဉ်တစ်စီးအား အမေရိကန်တပ်ဖွဲ့ ပစ်ခတ် ယာဉ်ပေါ်ပါ လူငါးဦးစလုံးသေဆုံးဟု ထုတ်လွှင့်ဖော်ပြ

ဘဂ္ဂဒက် ဩဂုတ် ၉

ကာတာနိုင်ငံ အခြေစိုက် အယ်လ်ဂျာဇီးယားရုပ်သံဌာနမှ ထုတ်လွှင့်ချက်များအရ ဘဂ္ဂဒက်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် အမေရိကန်တပ်ဖွဲ့များက အီရတ်ငါးဦးကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။ ယမန်နေ့က ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက်ရှိ စစ်ဆေးရေးဂိတ်၌ အရပ်သားယာဉ်တစ်စီးပေါ်တွင် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ပုန်းအောင်းလိုက်ပါလာသည်ဟု ယူဆပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ ကားပေါ်ပါ လူငါးဦးစလုံး သေဆုံးခဲ့ရသည်။

အမေရိကန်စစ်တပ်က အဆိုပါသတင်းနှင့်ပတ်သက်ပြီး အတည်ပြုချက်မပေးသေးကြောင်း သိရသည်။

ဂျော်ဒန်သံရုံး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၁၉ ဦးထိ မြင့်တက်ခဲ့ကာ လူ ၅၀ ကျော် ဒဏ်ရာ ရရှိခဲ့သည်။ ယမန်နေ့က ဝတ်ပြုပွဲတွင် ဆွန်နီမွတ်စလင်ဘာသာရေး ခေါင်းဆောင်တစ်ဦးက ဂျော်ဒန်သံရုံး ဗုံးခွဲမှုအား ပြစ်တင်ရှုတ်ချလိုက်ပြီး လာရောက်ဝတ်ပြုသူများက အမေရိကန် ဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ခဲ့ကြသည်။

တီကရစ်မြို့တွင်လည်း လက်နက်ရောင်းဝယ်သူများဟု သင်္ကာမကင်းသူများအနက် နှစ်ဦးကို သတ်ဖြတ်ခဲ့ကာ တတိယတစ်ဦးကို ဆေးရုံမှ ဖမ်းဆီးရမိကြောင်း၊ နောက်တစ်ဦးမှာမူ လွတ်မြောက်ဆဲဖြစ်ကြောင်း၊ အခြားသတင်းတစ်ရပ်အရမူ သုံးဦးသေဆုံးကာ ကလေးနှစ်ဦးအပါအဝင် ငါးဦးဒဏ်ရာရရှိကြောင်း ဆေးဘက်ဆိုင်ရာသတင်းရပ်ကွက်က ဖော်ပြခဲ့သည်။

အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၅ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တိုက်ခိုက်နိုင်လျှင် ဒေါ်လာ ငါးထောင်ချီးမြှင့်မည်ဟု ဆုကြေးများ ထုတ်ထားကြောင်း၊ အမေရိကန်စစ်ဘက်ဆိုင်ရာကမူ ဘာသ်ပါတီနှင့် ဖေဒါယင်း ပြည်သူ့စစ်အဖွဲ့များက ငွေကြေးနှင့် လက်နက်များ ထောက်ပံ့နေသည်ဟု ယူဆကြောင်း စီအင်န်အင်န် သတင်းဌာနက တင်ပြသွားသည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့ ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် သားငယ်အတွက် ဝမ်းနည်း ကြေကွဲဖြစ်နေရှာသည့် အီရတ်အမျိုးသမီးကြီးတစ်ဦးအား ဩဂုတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ် စက်မှုဇုန်များ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်

ဟန်နွိုင် ဩဂုတ် ၇

ဗီယက်နမ်နိုင်ငံ၏ စက်မှုဇုန်များ(အိုင်ပီ)နှင့် ပြည်ပကုန်ပစ္စည်းထုတ်လုပ်ရောင်းချသည့်ဇုန် (အီးပီဇက်အက်စ်)များသည် ပြည်ပရင်းနှီးမြှုပ်နှံမှု စီမံချက် ၁၂၂ ကိုရရှိရန်ဆောင်ကြဉ်းနိုင်ခဲ့ပြီး ယခုနှစ်ပထမ ခုနစ်လပိုင်းတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ရင်းနှီးမြှုပ်နှံငွေရရှိခဲ့သည်။

မှတ်တမ်းတင်ထား

အဆိုပါ ကိန်းဂဏန်းများသည် စီမံချက်အရပ်ရပ်၏ ၃၆ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ဗီယက်နမ်တစ်ပြည်လုံး အဆိုပါကာလအတွင်း မှတ်တမ်းတင်ထားသည့် ရင်းနှီးမြှုပ်နှံမှု၏ ၃၇ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ပြန်လှန်သုံးသပ်သည့် ကာလအတွင်း လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေသည့် စက်မှုဇုန်များနှင့် ပြည်ပကုန်ပစ္စည်းထုတ်လုပ်ရောင်းချသည့် ဇုန်များ၏ စီမံချက်များမှာ ၄၀ ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်ကာ နောက်ထပ် အမေရိကန်ဒေါ်လာသန်း ၂၁၀ အထိ ရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ အိန္ဒိယတွင် ထူးထူးခြားခြား တိုးတက်အောင်မြင်

နယူးဒေလီ ဩဂုတ် ၉

စားနပ်ရိက္ခာ ထုတ်လုပ်ရေး တိုးတက်မြင့်မားစေရန်နှင့် ရေနံထုတ်လုပ်ရေးကဏ္ဍတွင် ငွေကြေးထောက်ပံ့ပေးမှုများဖြင့် စီးပွားရေးကဏ္ဍတွင်တွန်းအားပေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း အိန္ဒိယအစိုးရက ဝန်ခံပြောကြားလိုက်ပြီး အားပါးတရရှိလှသော စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုလုပ်ငန်းပြန်လည် နာလန်ထူလာမှုတို့ကြောင့် တိုးတက်မှုပမာသည် ထူးထူးခြားခြားရှိလှကြောင်း အိန္ဒိယအစိုးရက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

ကမ္ဘာ့ဘဏ်က ထုတ်ဖော်ပြောကြားထားသည့် နိုင်ငံတစ်ဝန်းတွင် ဘဏ္ဍာငွေလိုငွေပြမှုများကျယ်ပြန့်စွာဖြစ်ပေါ်မည်ဟူသော စိုးရိမ်မှုများနှင့်ကွဲပြားစွာ ၂၀၀၄ ခုနှစ် ပထမသုံးလပတ်တွင် ဘဏ္ဍာငွေလိုပြမှုကို ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း အိန္ဒိယအစိုးရကထုတ်ပြန်သည့် သုံးလပတ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

စားနပ်ရိက္ခာထုတ်လုပ်မှုကဏ္ဍနှင့် ရေနံထုတ်လုပ်မှုကဏ္ဍများတွင် ငွေကြေးထောက်ပံ့ပေးမှုများ အများဆုံးတွန်းအားပေး၍ ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင်ဖော်ပြထားသည်။

သို့ရာတွင် ယခုလသုံးလပတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုပမာဏသည် အလားအလာကောင်းလှကြောင်း အမေရိကန်ဒေါ်လာ ၈၅ဘီလျံနီးပါးရှိသည့် ခိုင်မာသော နိုင်ငံခြားငွေပြည်တွင်းစီးဝင်မှု၊ ငွေတန်ဖိုးကျဆင်းနည်းပါးမှု၊ ပြည်ပကုန်နှစ်ဆတိုးတင်ပို့နိုင်မှုနှင့် သက်သာသော အတိုးနှုန်းထားတို့ဖြင့် ကျားကန်ထားသည့် ကျယ်ပြန့်သောအမြင်ဖြင့် စီးပွားရေးတည်ငြိမ်အောင်ဆောင်ရွက်နိုင်မှုတို့ကြောင့် ယခုနှစ်တွင် ထူးခြားသည့်တိုးတက်မှုပမာဏများနှင့် တွေ့ကြုံနိုင်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ပါရှိသည်။

လယ်ယာစိုက်ပျိုးမှုကဏ္ဍတွင်လည်း မုတ်သုံလေမှန်ကန်ကောင်းမွန်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍ၏ အထွက်နှုန်းပမာဏ အားပါးတရရှိသည့် အခြေစိုက်အောင်ပြောင်းလဲဖြစ်နိုင်စွမ်းရှိကြောင်း အစီရင်ခံစာအရသိရသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အင်္ဂလန်၌ အပူချိန် မြင့်မား

လန်ဒန် ဩဂုတ် ၈

အင်္ဂလန်နိုင်ငံတွင် ထူးကဲ စံချိန်တင်အပူချိန်မြင့်မားမှု၏ အပူဒဏ်သည် လူသားများကိုသာ ထိခိုက် ခံစားစေခြင်းသာမက လန်ဒန် တိရစ္ဆာန်ဉယျာဉ်ရှိ တိရစ္ဆာန်များပါ အပူဒဏ်ကို ခံစားရလျက်ရှိသည်။

တိရစ္ဆာန်ရုံမှ တာဝန်ရှိသူများက တိရစ္ဆာန်များ အပူဒဏ်မှ သက်သာစေရန် အေးခဲသည့် အစားအစာများကျွေးခြင်း၊ အရိပ်ရရန် ပြုလုပ်ပေးခြင်း အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးနေရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသွားသည်။

စီအင်န်အင်န်။

ဘုရားဖြူဝိနည်းစာပြန်ပွဲ ဝင်ခွင့်ပုံစံထုတ်ယူနိုင်

ရန်ကုန် ဩဂုတ် ၁၀

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နာယကဆရာတော်ကြီးများ ကြီးမှူးသော ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ (၇၂)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲတွင်ဝင်ရောက်ဖြေဆိုကြမည့် ရန်ကုန်တိုင်းအတွင်း ဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်များသည် ငယ်၊ လတ်၊ ကြီးနှင့် စာချတန်းဖြေဆိုခွင့် လျှောက်လွှာပုံစံများကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ရှိ အသင်းရုံးခန်း၌ မွန်းလွဲ၁နာရီမှ ညနေ ၅နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်းနှင့် နောက်ဆုံးသတ်မှတ်ရက်မှာ စက်တင်ဘာ၄ရက်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြိချေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ပြည်နာမှ ငွေရှာကောင်းသူများ (၁)

ကပ္ပိယ ကံကောင်း

ကုလသမဂ္ဂ။

ကျဉ်းမြောင်းလာတဲ့ ကမ္ဘာမြေကြီးမှာ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အချင်းချင်း လက်ပွန်းတတီး ရင်းရင်းနှီးနှီးနေထိုင်ဖို့ လိုအပ်လာပြီ။ ကမ္ဘာမြေကြီးရဲ့ တိုးတက်မှုတွေနဲ့ ငြိမ်းချမ်းသာယာမှုကို ထိပါးစေမယ့် လူသားအချင်းချင်း၊ လူမျိုးတစ်မျိုးစုနဲ့ တစ်မျိုးစု ဖြစ်ပွားတဲ့ ပြဿနာတွေကိုလည်း အေးအေးချမ်းချမ်း ဖြေရှင်းဖို့ လိုအပ်လာပြီ... ဆိုတဲ့ ယူဆချက်တွေအရ ပေါ်ပေါက်လာခဲ့ရတဲ့ အဖွဲ့အစည်း။

နောက်တစ်နည်း ပြောလို့ရသေးတာက

တိုင်းပြည်တစ်ခုနဲ့ တစ်ခု၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုးတို့ အကြားမှာ ကမ္ဘာ့ရေးရာတွေကို ထိပါးနိုင်မယ့် ပြဿနာတွေကို ဖြေရှင်းလုပ်ဆောင်ဖို့ ကမ္ဘာ့နိုင်ငံအသီးသီးက ပါဝင်ပူးပေါင်းဖွဲ့စည်းထားတဲ့ နိုင်ငံပေါင်းစုံအသင်းကြီး တစ်ခု လိုအပ်လာပြီဆိုတဲ့ ယူဆချက်တွေအရ ပေါ်ပေါက်ခဲ့ရတဲ့ အဖွဲ့အစည်း။

အဲဒီ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အဓိကရည်ရွယ်ချက်ကတွေကတော့

(၁) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုတည်တံ့အောင် ထိန်းသိမ်းရန်။

(၂) နိုင်ငံအချင်းချင်း မိတ်သဟာယအဖြစ် ဆက်ဆံမှုကို တိုးတက်အောင် ပြုလုပ်ရန်။

(၃) အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် အပြည်ပြည်ဆိုင်ရာ ပေါင်းဖက်ဆောင်ရွက်မှုကို ဖြစ်အောင်ပြုရန်နှင့် လူ့အခွင့်အရေးများနှင့် အခြားလွတ်လပ်ခွင့်များကို လေးစားချီးမြှင့်အားပေးရန်။

(၄) ဤရည်ရွယ်ချက်များ ပြည့်ဝအောင် ပြုလုပ်ရေးတွင် နိုင်ငံတိုင်း၏ ပြုမူချက်များကို ညီညွတ်စေမည့် ဗဟိုဌာနတစ်ခုအဖြစ်တည်နေရန်။

ဆိုတာတွေပဲ ဖြစ်ပါတယ်။ ဖော်ပြပါ ရည်ရွယ်ချက်တွေကို ဆောင်ရွက်တဲ့ နေရာမှာ လိုက်နာရမယ့် သဘောတရားတွေ ရှိနေသေးပြန်တာကိုလည်း လေ့လာတွေ့ရှိရပြန်တယ်။ အဲဒီသဘောတရားတွေထဲမှာ–

- **ကုလသမဂ္ဂသည် အဖွဲ့ဝင်တို့၏ အချုပ်အခြာအာဏာ ညီမျှခြင်း သဘောတရားပေါ်တွင် အခြေတည်သည်။**
- **အဖွဲ့ဝင်တို့သည် မိမိတို့၏ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးများတွင် ခြိမ်းခြောက်ခြင်းသော်လည်းကောင်း၊ အင်အားဖက်၍ အခြားနိုင်ငံများကို ကျူးကျော်ခြင်းမှလည်းကောင်း ရှောင်ကြဉ်ရမည်။**
- **မည်သည့်နိုင်ငံ၏ ပြည်တွင်းရေး စီရင်ပိုင်ခွင့် အာဏာအတွင်း လုံးဝကျရောက်နေသော အရေးကိစ္စတွင်မှ ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ခြင်းကို ကုလသမဂ္ဂ ပဋိညာဉ်တွင် ခွင့်ပြုထားခြင်းမရှိ။**

ဆိုတဲ့အချက်တွေ ပါဝင်နေပေမယ့်လို့လည်း အဲဒီ ကုလသမဂ္ဂအဖွဲ့ကြီးကို မိမိတို့ တစ်နိုင်ငံတည်းရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အလွဲသုံးစားလုပ်မှုတွေ၊ ကုလသမဂ္ဂအဖွဲ့ကြီးကို ထည့်ဝင်ရမယ့် ငွေကြေးရန်ပုံငွေတွေကိုမထည့်ဘဲ ကြွေးရှောင်သလိုရှောင်ပြီး ဈေးဆစ်နေတာတွေ၊ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုနေရာ ကျူ့အောင်လုပ်ပြီး တစ်ကိုယ်တော်ပုံစံ၊ အုပ်စုလိုက်ပုံစံတွေနဲ့ အစားထိုးဝင်ရောက်လုပ်ကိုင်နေမှုတွေ၊ ကုလသမဂ္ဂကြီးအနေနဲ့ ကမ္ဘာ့ရေးရာတွေကို နိုင်နင်းအောင် ကိုယ်တွယ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်စွမ်းမရှိတာကြောင့် သူတို့ကပဲ ကမ္ဘာ့ရေးရာတွေကို ဦးဆောင်ရလိမ့်မယ်ဆိုပြီး ကုလသမဂ္ဂရဲ့ အခွင့်အာဏာတွေကို ကြောင်တောင်နိုက် မျက်နှာပြောင်တိုက် ခပ်မိုက်မိုက်လုပ်ရပ်တွေကို မကြားချင်မသိချင်အဆုံးဖြစ်နေရတော့... ကပ္ပိယတို့ အနေနဲ့က ဖြစ်မှုဖြစ်ရလေဆိုတာကလွဲပြီး ဘာများတတ်နိုင်မှာလဲ... ။

နောက်တစ်ချက် ပြောစရာရှိတာလေးတစ်ခုက "ကုလသမဂ္ဂ"အဖွဲ့ကြီးအနေနဲ့ "နိုင်ငံတွေရဲ့ ပြည်တွင်းရေးကိစ္စရပ်တွေမှာ ဝင်ရောက်စွက်ဖက်ခြင်းကို ဆန့်ကျင်ဟန့်တားရေး ကြေညာစာတမ်း"ဆိုတာကို ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့က ကျင်းပတဲ့ "ကုလသမဂ္ဂအထွေထွေညီလာခံ"ကနေ ဆုံးဖြတ်ချက်အမှတ်(၃၆/၁၀၃)နဲ့ ချမှတ် အတည်ပြုထားတာ ရှိပါတယ်။ အဲဒီ ကြေညာစာတမ်းထဲမှာ–

- **မည်သည့်နိုင်ငံမျှ (သို့တည်းမဟုတ်) မည်သည့်နိုင်ငံအစုအဖွဲ့မျှ အခြားနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင်ဖြစ်စေ၊ နိုင်ငံခြားရေးရာများတွင်ဖြစ်စေ၊ မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ၊ မည်သည့်နည်းလမ်းပုံစံများဖြင့်ဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရ။**
- **နိုင်ငံတိုင်းသည် နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် အလို့ငှာ လူ့အခွင့်အရေးပြဿနာများအား မမှန်မကန် အသုံးချခြင်းကို ရှောင်ကြဉ်ရမည်။ နိုင်ငံတိုင်းသည် နိုင်ငံအချင်းချင်း (သို့တည်းမဟုတ်)နိုင်ငံအစုအဖွဲ့အချင်းချင်း တည်ငြိမ်မှုပျက်ပြားအောင်၊ ယုံကြည်မပျက်ပြားအောင် အကျပ်ကိုင်လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရမည်။**

ဆိုတဲ့ အချက်တွေ ပါဝင်တာကို လေ့လာတွေ့ရှိရပါတယ်။

ဒါပေမယ့်ပေါ့လေ ...

ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ သဘောတရား အခြေခံမှုတွေ၊ ပဋိညာဉ်စာချုပ်ပါ ပြဋ္ဌာန်းချက်တွေနဲ့ ကုလသမဂ္ဂရဲ့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွေကို ချိုးဖောက်ပြီး ထင်ရာစိုင်း တစ်ကိုယ်တော်လူစွမ်းကောင်းဝါဒ ကျင့်သုံးနေတဲ့ နိုင်ငံကြီးအပါအဝင် ဥရောပနိုင်ငံအချို့ဟာ ကပ္ပိယတို့ မြန်မာနိုင်ငံမှာ သူတို့ရဲ့ ဩဇာခံ ရုပ်သေးအစိုးရနဲ့ အုပ်ချုပ်စေပြီး သူတို့ရဲ့ အမျိုးသားအကျိုးစီးပွားတွေ အကောင်အထည်ဖော်ဖို့အတွက် အရှိန်အဟုန်ပြင်းပြင်း ဟန်ချက်ညီညီ ဆောင်ရွက်နေကြတာကို အားလုံးအသိပါပဲ။

မကြာခင်ရက်ပိုင်းအတွင်းက ပေါ်ထွက်လာတဲ့ သတင်းတွေအရ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမယ့် ဥပဒေကြမ်းကို အမေရိကန်အထက်လွှတ်တော်ကနေ အတည်ပြုလိုက်ပြီလို့ သိခဲ့ရပါတယ်။ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှု တင်းကျပ်မယ့် အဲဒီဥပဒေကြမ်းကို အတည်ပြုရခြင်းရဲ့ အဓိကအကြောင်းအရင်းခံက ဘာလဲဆိုတော့ သူတို့နဲ့ ပလဲပနံသင့်ပြီး အလျော်အစားတည့်နေတဲ့ NLD ပါတီခေါင်းဆောင်ဆိုသူကို ဆက်လက်ထိန်းသိမ်းထားမှုအပေါ် တုံ့ပြန်တဲ့အနေနဲ့ လုပ်ဆောင်တာတဲ့။ အံ့ရောပဲ ... ။

နောက်ထပ်ပေါ်ထွက်လာတဲ့ သတင်းတွေအရ အမေရိကန်အစိုးရရဲ့ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူမှုကို ကွန်ဂရက်လွှတ်တော်က နှစ်စဉ်ပြန်လည်သုံးသပ်ပြီး လာမယ့်သုံးနှစ်အထိ အတည်ဖြစ်နေပါလိမ့်မယ်တဲ့။ အဲ– မြန်မာနိုင်ငံမှာ **ဒေါ်စုကြည်**ခေါင်းဆောင်တဲ့ NLDကို အာဏာလွှဲပြောင်းရေး သဘောတူညီချက်တစ်ရပ်ရဖို့ တည်ဆဲအစိုးရက လိုလိုလားလား လုပ်ဆောင်တာ တိုးတက်ပြီလို့ အမေရိကန်သမ္မတက ယူဆရင်တော့ အဲဒီဒဏ်ခတ်အရေးယူမှု ဥပဒေဟာ ချက်ချင်းမြောင်းထဲ ရောက်သွားမှာ ဖြစ်သတဲ့လေ။ မလို တစ်မျိုး လိုတစ်မျိုးဆိုတာ ဒါမျိုးပဲထင်တာပါရဲ့။

အဲဒီတော့ ကပ္ပိယတို့အပိုင်းကလည်း ပြောစရာလေးတွေ ရှိလာပါပြီ။ မြန်မာနိုင်ငံကို ဒီမိုကရေစီ ရှင်သန်ထွန်းကားရေးဆိုတာကို တည်ဆဲအစိုးရ ဖယ်ရှားရေးနဲ့ တစ်ထပ်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်အဖြစ် မူဝါဒချမှတ်စွဲကိုင်ထားကြတဲ့ အမေရိကန်အစိုးရနဲ့ အမေရိကန်နိုင်ငံရေးလောကထဲက တာဝန်ရှိသူအချို့ဟာ ပြောမယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အဓိကအဟန့်အတားဖြစ်နေတဲ့ ဒိဋ္ဌဓမ္မပြဿနာတွေကို အဖြေမရှာတတ်သူတွေလို့ ပြောရမှာဖြစ်ပါတယ်။

အမေရိကန်အစိုးရနဲ့ နိုင်ငံရေးလောကသားတချို့ရဲ့ သဘောထားက ဘာလဲဆိုတော့ မြန်မာနိုင်ငံမှာ အစိုးရတစ်ရပ်ပေါ်ထွန်းမှုဟာ ဒီမိုကရေစီရှင်သန်မှုလို့ လေ့နံစားထစ်ယူဆထားတဲ့အပြင် တည်ဆဲအစိုးရကို အဲဒီလုပ်ငန်းစဉ်ရဲ့ အဓိကအဟန့်အတားလို့ သတ်မှတ်ထားချက်ပါပဲ။ ဒါ့ကြောင့်လည်း အမှန်တကယ် ဒီမိုကရေစီ ရှင်သန်ထွန်းကားရေးကို အဟန့်အတားဖြစ်နေတဲ့ ဒိဋ္ဌဓမ္မပြဿနာတွေကို အဖြေမရှာဘဲ တည်ဆဲအစိုးရ ဖယ်ရှားရေးအတွက် လက်သပ်မွေးမြူထားတဲ့ ခေါင်းဆောင်အဖြစ် လျာထားသူအပါအဝင် ပြည်ပြေးလက်ဟောင်း၊ လက်သစ်ပေါင်းစုံကို ထောက်ပံ့မှု နည်းလမ်းအသွယ်သွယ်သုံးပြီး မန်းမှုတ်ပွဲထုတ် ဇာတ်လမ်းရှုပ်အောင် လုပ်ဆောင်နေလေရဲ့။

ခိုင်လုံထင်ရှားပြီး ဖုံးမရဖိမရဖြစ်ခဲ့ရတဲ့ သက်သေအထောက်အထားဖြစ်စဉ်တစ်ခုကို လေ့လာကြည့်ကြရအောင်။ (၁၀၅)ကြိမ်မြောက် အမေရိကန်ကွန်ဂရက်က ချမှတ်ခဲ့တဲ့ Public Law ကို ၁၉၈၈ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့မှာ အမေရိကန်သမ္မတက လက်မှတ်ရေးထိုး အတည်ပြုခဲ့ပါတယ်။ အမေရိကန်သမ္မတအနေနဲ့ ၁၉၆၁ခုနှစ် Foreign Assistance Actနဲ့ အခြားရည်မှန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ သုံးစွဲနိုင်တဲ့ ငွေကြေးတွေအနက် Economic Support Fundနဲ့ Development Assistance ခေါင်းစဉ်အောက်က အမေရိကန်ဒေါ်လာ ၅ ဒသမ ၅သန်းထက် မနည်းတဲ့ ငွေတွေကို မြန်မာအစိုးရ ဆန့်ကျင်သူတွေအတွက် ခွဲတမ်းသတ်မှတ်ခဲ့ပါတယ်။

အဲဒီလို သတ်မှတ်ပေးတဲ့ ငွေတွေကို ထိုင်း–မြန်မာနယ်စပ်တစ်လျှောက်မှာရှိတဲ့ သောင်းကျန်းသူတွေနဲ့ ပြည်ပြေးပေါင်းစုံအတွက် ထောက်ပံ့ပေးကမ်းခဲ့ပြီး အဲဒီခေါင်းစဉ်အောက်ကပဲ ဆိုက်ပရပ်၊ ကမ္ဘောဒီးယားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေအတွက် ထောက်ပံ့ကူညီမှုတွေ ပေးခဲ့ပေမယ့်လည်း အစိုးရဆန့်ကျင်သူတွေကို ပေးခဲ့တာမဟုတ်ပါဘူး။

အမေရိကန်ကွန်ဂရက်က ချမှတ်တဲ့ Public Law မှာ ပြန်ကြားရေး၊ ပညာရေးနဲ့ ယဉ်ကျေးမှုအစီအစဉ်တွေမှာသုံးဖို့ ၁၉၉၈ခုနှစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၃၀နဲ့ ၁၉၉၉ခုနှစ်အတွက် ဒေါ်လာ ၃၁သန်းကို National Endowment for Democracy(NED)က အသုံးပြုဖို့ ဥပဒေပြဋ္ဌာန်းပေးထားခဲ့ပါတယ်။ ဒါကို NED အနေနဲ့က မြန်မာနိုင်ငံအတွက် အသုံးပြုတဲ့နေရာမှာ မြန်မာပြည်သူတွေအကျိုးအတွက် ဘာတစ်ခုမှ တရားဝင်လုပ်ဆောင်ခဲ့တာမရှိဘဲ အိန္ဒိယတို့၊ ထိုင်းနိုင်ငံတို့မှာ ခိုအောင်းနေတဲ့ ပြည်ပြေးတွေ၊ နယ်စပ်ကသောင်းကျန်းသူတွေဆီကိုပဲ ဒီမိုကရေစီလှုပ်ရှားမှုအတွက် အကြောင်းပြချက်တွေနဲ့ ရက်ရက်ရောရောပေးခဲ့ပါတယ်။ တကယ်တော့ ဒီလုပ်ရပ်တွေဟာ မြန်မာပြည်သူတွေရဲ့ အန္တရာယ်ကောင်တွေကို လူမွေးပြောင်းအောင်၊ အသက်ဆက်နိုင်အောင်လုပ်တဲ့ လုပ်ရပ်ဖြစ်နေတဲ့အပြင် အမေရိကန်ကွန်ဂရက်က သတ်မှတ်တဲ့ခေါင်းစဉ်တွေနဲ့လည်း လားလားမှမဆိုင်တာကို တွေ့ရပါလိမ့်မယ်။

အမေရိကန်အစိုးရနဲ့ အမေရိကန်နိုင်ငံရေး လောကသားအချို့ အမေရိကန်ပြည်သူတွေ ပေးဆောင်ထားတဲ့အခွန်ဘဏ္ဍာငွေတွေကို ဒီလို အလွဲသုံးစား လုပ်နေကြတဲ့အပြင် ဥပဒေကိုလက် တစ်လုံးခြားလုပ်ပြီး နိုင်ငံငယ်တစ်ခုရဲ့ အေးချမ်းတည်ငြိမ်မှုပျက်ပြားအောင် ဆောင်ရွက်နေတဲ့ သူခိုးဓားပြိုးကမ်း လုပ်ရပ်တွေကို အမေရိကန်ပြည်သူအပေါင်းနဲ့ အလှူရှင်အသင်းအဖွဲ့တွေ ဂဃနဏသိပုံမပေါ်ဘူး။

အမေရိကန်အစိုးရနဲ့ အမေရိကန်နိုင်ငံရေးလောကထဲက ဂုဏ်သရေရှိလူကြီးမင်းများအနေနဲ့လည်း ဒီလိုသူခိုးဓားရိုးကမ်းလုပ်ရပ်တွေဟာ မြန်မာပြည်ဒီမိုကရေစီရှင်သန်ထွန်းကားရေးလုပ်ရပ် ဟုတ်၊ မဟုတ် အဖြေထုတ်ဆန်းစစ်သင့်ပါတယ်။ ထို့အတူ မြန်မာပြည်ဖျက် ပြည်ပြေးလက်သစ်လက်ဟောင်းတွေနဲ့ ဘယ်အတိုင်းအတာအထိ ပူးပေါင်းကြံစည်မှုတွေရှိခဲ့တယ်ဆိုတာကိုလည်း လေ့လာသင့်ပါတယ်။ ဒီလိုပူးပေါင်းကြံစည်မှုကနေတစ်ဆင့် ပေါ်ထွက်လာနိုင်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုတွေကိုလည်း ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။

ပြည်ပြေးစိန်ဝင်း ဦးဆောင်တဲ့ NCGUB အဖွဲ့က ပြည်ပြေးတွေဟာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်တာဝန်ရှိသူတစ်ဦးကို ပူးပေါင်းချဉ်းကပ်ပြီး အမေရိကန်အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီ (Congress International Relation Commmittee)နဲ့ နိုင်ငံရေးသမားတွေကို မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်တွေအတွက် အစီရင်ခံစာတစ်စောင် ရေးသားတင်ပြခဲ့ပါတယ်။ အဲဒီတင်ပြချက်မှာ ဘာပါသလဲဆိုတော့ NLD က ကြံမိရာကြံပြီး ဖွဲ့စည်းထားတဲ့ ဆယ်ဦးဂိုဏ်းကို အသိအမှတ်ပြုရေးဆိုတဲ့ အချက်တစ်ချက်လည်း ပါဝင်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအရေး အမေရိကန်အစိုးရက ချမှတ်တဲ့ Sanction Policyဟာ တည်ဆဲအစိုးရအပေါ် အလွန်တရာ ထိရောက်မှုရှိလှတဲ့အကြောင်း၊ အမေရိကန်အစိုးရရဲ့ ဆက်လက်ဦးဆောင်မှု၊ ပိုမိုထိရောက်တဲ့ မူဝါဒနဲ့ တားမြစ်ပိတ်ပင်မှုတွေကို ဆက်လက်ဆောင်ရွက်မယ်ဆိုရင် တည်ဆဲအစိုးရ အကျပ်အတည်းတွေ တွေ့ပြီး နိုင်ငံရေးဆွေးနွေးပွဲ (Political Dialogue)တွေ ဖြစ်ပေါ်လာလိမ့်မယ်လို့ တင်ပြအခါတော်ပေး လုပ်ခဲ့သတဲ့လေ။

ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှုတွေနဲ့အတူ လူတစ်စု အာဏာရရှိရေးအတွက် ပြည်ပြေးဘဝနဲ့ စားပေါက်ချောင်ဖို့အတွက် တိုင်းပြည်နဲ့ လူမျိုးမျက်နှာကိုမှမထောက် အသားထဲကထွက်တဲ့ လောက်ကောင်တွေရဲ့ လုပ်ဆောင်ချက်တွေဟာ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ ဆိုတာတွေကို ဘယ်လိုပဲ ဗန်းပြ ရှေ့တန်းတင် အော်ဟစ်နေကြပါစေ၊ လက်တွေ့အကောင် အထည်ဖော်နေတာတွေကတော့ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးရဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျတဲ့ဖြစ်စဉ်ကနေ ရန်းထွက်နေမှုအပေါ် ဦးနှိမ်ရိုက်ချိုးနေတာပဲ မဟုတ်ဘူးလား။

(ဆက်လက်ဖော်ပြပါမည်။)

ရင်သွေးငယ်များအတွက် အဆင့်မြင့်မူကြို

ရန်ကုန် ဩဂုတ် ၁၀

ရင်သွေးငယ်များအတွက် Future Star Quality Training Centre မှ အဆင့်မြင့်မူကြိုကို အထူးအစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။ Experienced Teachers များကလည်း Oxford University မှ Nursery နှင့် Preschool များအတွက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် စနစ်တကျ လေ့ကျင့် သင်ကြားပို့ချလျက်ရှိပြီး Certified Child Caretakers များဖြင့်လည်း ရင်သွေးငယ်များကို တာဝန်ယူ စောင့်ရှောက်ပေးလျက်ရှိသည်။ စိတ်ပါဝင်စားသူများသည် (၂၆–က)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နှင့် ဖုန်း–၇၁၀၁၀၅ နှင့် ၃၇၉၂၁၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

နယူးအာရှသင်တန်းကျောင်းမှ အခြေခံယာဉ်မောင်းနှင့် စက်ပြုပြင်ထိန်းသိမ်းခြင်း၊ အဲယားကွန်းနှင့်ရေခဲသေတ္တာပြုပြင်ခြင်း၊ လျှပ်စစ်ဂဟေဆက်ခြင်းသင်တန်းများကို လစဉ်လဆန်း၃ရက်နေ့တိုင်းဖွင့်လှစ်လျက်ရှိပြီး ကျွမ်းကျင်ဝါရင့်ဆရာများဖြင့် တစ်ဦးချင်းစာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးလျက်ရှိသည်။

ဆက်သွယ်နိုင်

နယူးအာရှသင်တန်းကျောင်းမှ သင်တန်းအပတ်စဉ်(၄၆)ကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ်(၉၅၃) ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ (မဟာစည်မှတ်တိုင်) မရမ်းကုန်းမြို့နယ် ရန်ကုန် ဖုန်း–၆၆၁၈၀၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဝါခေါင်လ ရွှင်းသာယာ

ဒဂုန်ဝတ်မှုန်

ပန်းခတ္တာ ခိုင်ညာဆင့်
ကြိုင်စွာတင့် ဖူးငုံ
မြိုင်မှာဖြင့် ကျူးရင့်ပုံ
ထူးတင့်စုံ မြတ်ပန်း
ခြသေ့ရုပ် ချိန်ခါညီ
သိဟ်ရာသီ ရောက်ပေါ့မှတ်တမ်း။
နက္ခတ်ပြ သရဝဏ်ငယ်
မြားသဏ္ဍာန် တင့်ဆန်း
စာရေးတံ သညီလန်းပါတဲ့
ရွှင်ကြည်မြန်း ကပ်လှူ
မြစ်ပြင်တွင် ရေတွေဖွေးပါလို့
ပြေပြေသေး သည်းလိုက်ဘွင်ဆူ။
မောင်နံ့ငှက် ကမ်းထက်ငူမှာ
တမ်းလျက်မူ ရင့်ကျူးလို့
ရွှင်မြူးကြွ အားရစွာသာ
စားကြအစာ
ဝါခေါင်လ ရွှင်းသာကို
ခသွင်းကာ မှတ်တမ်းမို့လေး။ ။

ဤလ ဤအခါ ဤအချိန်မှာ ခတ္တာပန်းမာလာတို့သည် မြိုင်အတွင်းမှာ ကြိုင်သင်းစွာ အဖူးအငုံအပွင့်တို့ဖြင့် တင့်တယ်သာယာ ဖူးပွင့်လာကြပါသည်။ ဝါခေါင်လနှင့် ခတ္တာပန်းသည်တင့်ဆန်းလိုက်ဖက်လှပါသည်။ခြင်္သေ့ရုပ်ဖြင့် သရုပ်ပြသော သိဟ်ရာသီအချိန်ဖြစ်ပါသည်။ နက္ခတ်မှာမူ မြားသဏ္ဍာန်အသွင်ရှိသော သရဝဏ်နက္ခတ်ဟု သတ်မှတ်ကြပါသည်။ ပွဲတော်ကတော့ စာရေးတံပွဲတော် ဖြစ်ပါသည်။

စာရေးတံပွဲအကြောင်း အနည်းငယ် ပြလိုက်ရသည်။ စာရေးတံ အမျိုးမျိုးရှိသည်။ ကောင်းသောစာရေးတံ၊ မကောင်းသော စာရေးတံဟု နှစ်မျိုးရှိသည်။ ကောင်းသော စာရေး တံဆိုသည်ကား လှူဖွယ်ဝတ္ထုပစ္စည်းများကို စာရေး တံမဲချကာ လှူဒါန်းခြင်းဖြစ်သည်။ လူယုတ်မာ စာရေးတံမဲသည်လည်း ရှိသည်။ ရှေးအခါက သမုဒ္ဒရာပင်လယ် မြစ်အတွင်းမှာ လှေမသွားနိုင်လောက်အောင်၊ သင်္ဘောထွက်လို့မရအောင် နာနာဘာဝ တစ္ဆေသရဲများက နှောင့်ယှက်တားဆီးထားရာတွင် လှေသင်္ဘောပေါ် ပါလာသူများကို လူယုတ်မာစာရေးတံမဲ ချပြီးရွေးကြရပါသည်။ မဲကျသူကို ရေထဲပစ်ချပြီး ရေစာကျွေးရသည်။ ရေစာကျွေးမှသာ လှေသင်္ဘောထွက်လို့ ရနိုင်သည်ဟု အဆိုရှိသည်။ ယခုခေတ်တွင်မူ လူယုတ်မာ စာရေးတံမဲချသည်မှာ ကွယ်သလောက် ဖြစ်နေပါသည်။

ဝါခေါင်လသည် ဝဿာနဥတုမှာ ပါဝင်သောလဖြစ်သည်မို့ မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေများ တက်လျက်ရှိရာ **လမြတ်ဝါခေါင် ရေဖောင်ဖောင်** ဟု ရှေးပညာရှိများ သတ်မှတ်ထားသည့်အတွက် ကမ်းလုံးပြည့် မြစ်ရေများ တက်လျက်ရှိနေတတ်ပါသည်။ မြစ်ရေဝင်ကျွန်းထဲနေသူများအဖို့ အရပ်လေးမျက်နှာ ရေပတ်လည်ဝိုင်းလျက်ရှိနေရာ လွမ်းမောဖွယ်ရာ ကောင်းလှပါသော အချိန်အခါ ဖြစ်နေရပါတော့သည်။ ရေမရောက်သော မြစ်ကမ်းတစ်ခိုမှာတော့ ငှက်မောင်နံ့ အစုံအစုံတို့သည် ဘာသာဘာဝ မြူးကြ၊ ရွှင်ကြ၊ သီကြ၊ ကျူးကြခြင်းဖြင့် ပျော်မြူးရွှင်ပြလျက် ကမ်းထက်အငူမှာ အတူတူယှဉ်တွဲ အဖော်စုံနွဲ့ပြီး သီဆိုရင့်ကျူးလျက် ရှိနေကြပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် အထည်ကောင်းတွေ ထွက်ပေါ်ရာ သာဝတ္ထိပြည် ဇေတမင်းသား ပိုင်ဆိုင်သော မြေကွက်ကို အနာထပိဏ်သူဌေးကြီး အပိုင်အဆိုင် ဝယ်ယူဆောက်လုပ် လှူဒါန်းထားသော ဇေတဝန်တောရကျောင်း၌ သီတင်းသုံးတော်မူသည်။ ရဟန်းငါးရာတို့သည် ဘုရားရှင်ထံတော်မှ မိမိတို့နှင့် သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းအားထုတ်နည်းကို တောင်းယူ၍ ဟိမဝန္တာတောအနီး တောအုပ်ကြီးတစ်ခု၌ ဝါကပ်နေထိုင်ကြသည်။ ထိုအချိန်က ကျောင်းခွင့်မပြုသေး၍ ရုက္ခမူလသေနာသနခေါ် သစ်ပင်ရင်းမှာ တရားအားထုတ် နေထိုင်ကြရသည်။

ရဟန်းတော်များ၏ သီလ၊ သမာဓိ၊ ပညာ တန်ခိုးအရှိန်အဝါကြောင့် သစ်ပင်စောင့်ရုက္ခစိုးနတ်တွေ ဒုက္ခပင်လယ်ဝေနေကြပါသည်။ ကလေးတွေ လက်စွဲကာ ဟိုဟိုသည်သည် လှည့်လည် သွားလာနေကြရသည်။ နေ့တွေ၊ ရက်တွေကြာလာတော့ အကြီးအကျယ်ဒုက္ခရောက်ကြသည်။ သည်းမခံနိုင်ကြတော့ဘဲ ကြာရှည် လေးမြင့်စွာ နေရတော့မည့် အခြေအနေကိုသိရတော့ အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုးဖြင့် ခြောက်လှန့်ကြသည်။ ရဟန်းတော်ငါးရာတို့ တုန်လှုပ်ချောက်ချား ထိတ်လန့်ကာ သမာဓိထူထောင်လို့မရနိုင်ဘဲ ဖြစ်နေကြရသည်။ ရဟန်းတော်များ အချင်းချင်း တိုင်ပင်ကြကာ ဘုရားရှင်ထံသို့ ဝါတွင်းကာလမှာပဲ ပြန်လာကြသည်။

ဘုရားရှင်က အကျိုးအကြောင်းကိုမေးမြန်း၍ ဆင်ခြင်တော်မူလတ်သော် ချစ်သားတို့- သင်တို့နှင့် သင့်လျော်လျောက်ပတ်သောနေရာ အခြားအရပ်မှာမရှိချေ။ သည်တော်အုပ် သည်နေရာနှင့်သာ လျောက်ပတ်သည်။ သည်တောအုပ်သို့သာ ပြန်သွားကြဟု အမိန့်ထုတ်ပြန်ကာ မေတ္တာသုတ်တော်ကို ဟောကြား၍ သင်ပြပေးလိုက်ပါသည်။

ရဟန်းငါးရာတို့သည် မိမိတို့ မူလနေရာတောအုပ်သို့ ပြန်လာကြသည်။ မေတ္တာသုတ်ကို ရွတ်ဆို ပွားများကြသော ရဟန်းငါးရာတို့အား ရုက္ခစိုးနတ်တို့သည် ကြည်ညိုသဒ္ဓါဖြစ်ကြကာ အနှောင့်အယှက်မပေးတော့ဘဲ သပိတ်သင်္ကန်းဆီးကြိုယူခြင်း၊ နေရာခင်းခြင်း၊ သောက်ရေသုံးရေ တည်ထားခြင်းစသော ဝေယျာဝစ္စများကိုပင် ကူညီဆောင်ရွက်ပေးကြပါသည်။

မေတ္တာတရားတော်၏ တန်ခိုးကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကိုရရှိသော ရဟန်းတော်ငါးရာတို့သည် ယင်းသည့်ဝါလအတွင်းမှာပင် တရားထူးတရားမြတ်ကို ရရှိတော်မူကြပြီး ဝါလကင်းလွတ် သီတင်းကျွတ်သောအခါ ဝိသုဒ္ဓိပဝါရဏာပြုတော်မူကြသည်။

မေတ္တာဟူသည်မှာ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတည်းကို ဖြစ်စေ၊ အများကိုဖြစ်စေ ကောင်းကျိုးချမ်းသာတရား ဖြစ်စေလိုသည့် စိတ်ထားပင်ဖြစ်သည်။ ယင်းသည်လည်း အဘိဓမ္မာသဘောဖြင့် ကြည့်လျှင် "အဒေါသ"ခေါ် မကြမ်းတမ်း မပြစ်မှားသော စေတသိက်ဦးဆောင်သည့် ကုသိုလ်စိတ် အဖွဲ့အစည်းပင်ဖြစ်သည်။

ယင်းသို့ လူရှင်တိုင်း ရှိသင့်ရှိထိုက်သော မေတ္တာတရားကို လူသားတိုင်း သက်ရှိပုဂ္ဂိုလ်တိုင်း လက်ကိုင်ထား၍ ပွားများနိုင်စေရန်အတွက် ဤဝါခေါင်လပြည့်နေ့ကို **မေတ္တာအခါတော်နေ့** ဟု သတ်မှတ်ပြီး ဤသည့်နေ့ထူးနေ့မြတ်မှစ၍ ကမ္ဘာအရှည်တည်တံ့နေသမျှ ကာလပတ်လုံး မွန်မြတ်သော မေတ္တာမိုးကိုရွာ ရွာသွန်းဖြိုးနိုင်ကြပါစေ ဟူ၍လည်းကောင်း၊ ရှေးအစဉ်အလာမပျက် စာရေးတံပွဲကို ဆင်နွှဲနိုင်ကြပါစေဟူ၍လည်းကောင်း၊ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်လာရန်၊ ဖြစ်နေဆဲအကုသိုလ်တရားများ ယုတ်လျော့သွားရန်အတွက် မမေ့မလျော့ သတိတရားဖြင့်နေခြင်း အပ္ပမာဒသတိတရားမှလွဲ၍ အခြားတရားကို ငါဘုရားမြင်တော်မမူဟူ၍လည်းကောင်း ဤဝါခေါင်လမှာ **ဝါခေါင်လရွှင်းသာယာ** ဟူသောခေါင်းစဉ်ပါ ဆောင်းပါးဖြင့် ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာရေးကို ဦးတည်ကာ ရေးသားဂုဏ်ပြုလိုက်ပါသည်။ ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပထမငယ်တန်းအထူးထုတ် အာဂုံဆောင်ကာခ်ါ စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲဖြေဆိုကြမည့်ရဟန်းသာမဏေနှင့် သီလရှင်များ လက်စွဲပြုရမည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ပိဋကတစ်ပုံဆောင်)အရှင်မြတ်ရေးသားပြုစုထားသည့် ပထမငယ်တန်းအတွက် အထူးထုတ် အာဂုံဆောင်ကာခ်ါကျမ်းကို ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဈေးတော်ရှိ အမှတ်(၁၉) ရွှေမီးအိမ်စာပေက မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

ယင်းစာအုပ်၌ မေးခွန်းမေးကွက်ကောင်းသော အဓိပ္ပာယ်များ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ နှစ်ပေါင်း(၄၀)ကျော် ပုစ္ဆာအဖြေများပါရှိပြီး ရွှေတိဂုံဘုရားရှိ စာအုပ်ဆိုင်များ၊ မန္တလေးဈေးချိုတော်ရှိ စာအုပ်ဆိုင်များနှင့် ထွန်းဦးစာပေတို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

ကိုယ့်ခြံထွက်မှ စိတ်ချရ

* **စိမ်းစိုသီးနှံ၊ ငါတို့ခြံမှာ ဆယ့်နှစ်ရာသီ၊ ထွက်နေပြီမို့ ဘယ်ဆီကမှ မှာမစား။**
* **သားငါးလတ်ဆတ်၊ တို့အရပ်မှာ ဆယ့်နှစ်ရာသီ၊ ရှိနေပြီမို့ ဘယ်ဆီကမှ မှာမစား။**
* **သူများခြံက၊ သီးနှံသားငါး အလကားပေး၊ အလကားကျွေးလည်း နည်းနည်းလေးမှ မလိုချင်။**
* **ငါတို့ခြံထွက်၊ ငါတို့မက်၏ ငါတို့အတွက်၊ တို့ခြံထွက်သာ လတ်ဆတ်စွာဖြင့်၊ ရောဂါကင်းပ စိတ်ချရ၍၊ အာဟာရပြည့် အားအင်ရှိမည် တို့ယုံကြည်။ ။**

ဖိုးဝ

ဒါတွေကို သိဖို့လိုတယ်

✳ မြှောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

အီလက်ထရောနစ် စက်ပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

စိတ်ပါဝင်စားသော လူငယ်များအတွက် ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက်စာတွေ့လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း အီလက်ထရောနစ်သင်တန်း (ရေဒီယို၊ ကက်ဆက်၊အသံချဲ့စက်၊ တီဗွီ၊ဗီဒီယို)၊ Programmable Logic Controls (P.L.C)ရေးဆွဲနည်းစာတွေ့လက်တွေ့ သင်တန်းသစ်များကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ Elite Engineering Group၊ အမှတ်(၅၁) မြေညီထပ် (၃၈)လမ်း (ကမ်းနားဘလောက်) ရန်ကုန် ဖုန်း-၀၁-၂၄၂၂၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စာရေး၊ စာဖတ်သင်တန်းများ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၀

P.E.S. Pratical English Speaking U Win Maw (Research)အင်္ဂလိပ်စကားပြောသင်တန်းတွင် ကလေးများ အသက်အလိုက် Level များခွဲ၍ ရုပ်ပုံကားချပ်များကြည့်၍ ဉာဏ်စွမ်းရည်စမ်းသပ်ခြင်း၊ အင်္ဂလိပ် သီချင်းများ သီဆိုခြင်း၊ သဒ္ဒါလေ့ကျင့်ခန်းများ ပြုလုပ်လျက် English Language ကိုထိရောက်စွာ သင်ကြားပေးလျက်ရှိသည်။ GCE, TOEFL, IELTS, KET, PET, စသည့် သင်တန်းများ အထောက်အကူပြုသည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုဆိုင်ရာ General English Courses လေးလသင်တန်းများနှင့် Phonetics (တစ်လခွဲ)နှင့် လစဉ်ပုံမှန်သင်တန်းများ သင်ကြားနေပြီဖြစ်သည်။ အမှတ်(၁၈) ရတနာလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ယုဇနကုန်တိုက်အနီး၊ ဖုန်း-၅၀၃၉၈၄ နှင့် ၂၂၂၄၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘိန်းဖြူ ၈ ဒသမ ၆၄၀ကီလိုဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၀

နယ်မြေခံထောက်လှမ်းရေးတပ်၊နယ်မြေခံတပ်နှင့် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ရက် နံနက် ၁၀နာရီ ၄၅မိနစ်တွင် တာကော်အကဲ ပူးပေါင်းစစ်ဆေးရေးစခန်း၌ တန့်ယန်းမှ ပန်ဆန်းသို့သွားမည့် ယာဉ်မောင်းသိန်းဇော် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အမှတ်(၃က/၂၅၇၁) ဟိုင်းလတ်ယာဉ်ကို ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်ပါဆေးလိပ်ဖိုနှစ်ဖိုအတွင်းမှ ကိုးသုံးလုံးစာတန်းပါ ဘိန်းဖြူဘလောက်တုံး ၂၄တုံး စုစုပေါင်း ၈ ဒသမ ၆၄၀ ကီလို ဖမ်းဆီးရမိခဲ့ပြီး ပိုင်ရှင်ဖြစ်သူ တန့်ယန်းမြို့ ရပ်ကွက်(၅)တရုတ်ရွာသစ်နေ မရန်လီပန်းအား ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တန့်ယန်းမြို့ တရုတ်ရွာသစ်နေ ဦးတင်မြင့်၏သား သိန်းဇော်နှင့် တစ်ရွာတည်းနေ ဦးရန်ချောက်မုံ၏သမီး မရန်လီပန်း(ခ) မလီလီဝင်းတို့နှစ်ဦးအပေါ် လားရှိုးအမှတ်(၁) ရဲစခန်းက မူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက်အမှတ် ၁၆၆/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၈-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(ဥပဒေပညာ) (ခ)တတိယနှစ်(စိတ်ပညာ)
၅:၃၀	၉။ မြဝတီမင်္ဂလာဇင်းကဏ္ဍ
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၃၅	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၆။ မြန်မာ့လက်သီး
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ (အပိုင်း-၁၅)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း၊ အပိုင်း(၆) (ပိဋကတ်အခြေခံရင့်သန်ကျွမ်းကျင် စာတတ်စေဖို့ စနစ်တကျသင်)**
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား (အပိုင်း-၄၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် မအူပင်မြို့ ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားတွင် ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း မအူပင်မြို့သို့ ရောက်ရှိကြသည်။

အထူးကုဆေးရုံကြီးဖွင့်လှစ်

မအူပင်ခရိုင် မအူပင်မြို့ ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါဆေးရုံကြီး၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းဌေးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မအူပင်မြို့ ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားကို အဝင်မုခ်ဦး၌ စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့က မအူပင်မြို့ အထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံသစ်ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မအူပင်မြို့ ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးရှိ ပင်မခွဲစိတ်ခန်း၊ သွားနှင့်ခံတွင်းကုသခန်း၊ ပြန်လည်သန်စွမ်းရေး ဆေးပညာခန်း၊ လူနာခန်းများ၊ ခွဲစိတ်ခန်း(၁) နှင့် (၂)၊ အထူးကြပ်မတ် ကုသခန်း၊ ဓာတ်မှန်ခန်းများ၊ ဇီဝဓာတုဓာတ်ခွဲခန်း၊ ပိုးမွှားဗေဒဓာတ်ခွဲခန်း၊ ရောဂါဗေဒဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မအူပင်မြို့ ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးဖွင့်ပွဲ အစီအစဉ် ဒုတိယပိုင်းကို ဆေးရုံကြီးပရဝဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မအူပင်ဒေသကို ဖွံ့ဖြိုးရေးအထူးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို အထူးအာရုံစူးစိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်နှင့်အမျှ မအူပင်ဒေသကြီးတစ်ခုလုံး နေ့ချင်းညချင်းဆိုသလို သိသိသာသာ ထင်ထင်ရှားရှား ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ကို ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ဤကဲ့သို့ မအူပင် အထူးဖွံ့ဖြိုးရေးဒေသကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာနေသော အခြေအနေအချိန်အခါကောင်းတွင် ယခုကဲ့သို့ သစ်လွင်ခံ့ညားထည်ဝါသော ခုတင်-၂၀၀ဆံ့အထူးကု ဆေးရုံသစ်ကြီး ပေါ်ထွန်းလာခြင်းသည် မအူပင်ဒေသတွင် မှီတင်းနေထိုင်ကြသောတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုထိရောက်စွာပေးနိုင်မည်ဖြစ်သည်သာမက ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား မြင့်မားရေးအတွက်ပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမည်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်ကြီး ဘက်စုံ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်လာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ဤသို့အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခင်ခေတ်ကာလက နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရသော နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရင်း တစ်ပြိုင်နက်တည်းမှာပင် နိုင်ငံတော်၏ အချက်အချာကျသော ဒေသများ၌ ဖြန့်ကြက်ပြီး ဒေသအလိုက် လိုအပ်ချက်များအရ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများဖြစ်သော လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ဆေးရုံကြီးများကို တည်ဆောက်ပေးခဲ့ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်ဌေးဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်တို့က မအူပင်မြို့ ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

လက်ယှက်ထိုးဖောက်လုပ်

ဒေသအလိုက် အဓိကကျသော လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် မြေလတ်ပိုင်းတွင် ဧရာဝတီမြစ်ကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး စီမံကိန်းများစသည့် ဖွံ့ဖြိုးရေးအစီအမံများကို အလေးပေးတည်ဆောက်ပေးခဲ့သကဲ့သို့ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ကဲ့သို့ မြစ်ချောင်းပေါများ၍ ကုန်းလမ်းဆက်သွယ်မှု ပြေပြစ်လောက်အောင်မရှိဘဲ ရေလမ်းကိုသာ အားပြုနေရသောဒေသများတွင် သွားရေးလာရေး ပိုမိုလွယ်ကူလာအောင် မြစ်ကူး၊ ချောင်းကူး တံတားပေါင်းများစွာပါဝင်သော လမ်းမကြီးများကို ဒေသတစ်ခွင်လုံး လက်ယှက်ထိုးဖောက်လုပ်ပေးခဲ့သည်ကို အားလုံးအသိအမြင်ပင်ဖြစ်ကြောင်း။

ဤကဲ့သို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအမံများ၊ နိုင်ငံတော်၏ အချက်အချာကျသော ဒေသများတွင် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် ဖွံ့ဖြိုးရေးအစီအမံများကြောင့် နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ရစပြုလာသော အခြေအနေတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သီးခြား ထပ်မံလမ်းညွှန်ချက်များဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်နှင့် ဖွံ့ဖြိုးရေးတွင် ကွက်လပ်သဖွယ် ကြွင်းကျန်နေသော ဒေသများ၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းရပ်များကိုပါ ဖြန့်ကြက်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများသည် ကွင်းဆက်မိမိ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ကျန်းမာကြံ့ခိုင်ရေး

ယခု မအူပင်ဒေသဆိုလျှင် မကြာသေးမီကာလကပင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် မအူပင်တက္ကသိုလ်ကြီးနှင့် နည်းပညာကောလိပ်ကြီးတို့ကို ဖွင့်လှစ်ပေးခဲ့ပြီးနောက် ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရေးအတွက် အလွန်ခံ့ညားထည်ဝါသော အထူးကုဆေးရုံသစ်ကြီးကို ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးလိုက်ခြင်း ဖြစ်ပါသည်ဟု ပြောကြားလိုကြောင်း။

ဒေသခံပြည်သူများ ကျန်းမာကြံ့ခိုင်မှသာ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်အကျိုးစီးပွားဖြစ်သော စိုက်ပျိုးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများကိုလည်း ဝီရိယစိုက်ထုတ် လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စနစ်တကျဖြည့်ဆည်း

ထို့ကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် မွန်မြတ်မြင့်မားသော ဦးတည်ချက်ထားရှိပြီး အမျိုးသားကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားစေရအောင်၊ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပမာဏရော အရည်အသွေးပါ တိုးမြှင့်ပေးနိုင်စေရအောင် အမျိုးသားကျန်းမာရေး စီမံကိန်းများချမှတ်ပြီး စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဧရာဝတီတိုင်းနှင့် ပတ်သက်ပြီး ပြောရမည်ဆိုလျှင် ၁၉၈၈ ခုနှစ်တုန်းက တစ်တိုင်းလုံးတွင် ဆေးရုံ ၆၅ ရုံသာရှိခဲ့သော်လည်း မိမိတို့ ခေတ်ကာလတွင် ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံများဖြစ်သော ငပုတောမြို့နယ်က ကျောက်ချောင်းတိုက်နယ်ဆေးရုံနှင့် ဟိုင်းကြီးတိုက်နယ်ဆေးရုံ၊ ဓနုဖြူမြို့နယ်က ဇကာကြီးတိုက်နယ်ဆေးရုံ၊ အင်္ဂပူမြို့နယ်က မဲဇလီကုန်း တိုက်နယ်ဆေးရုံနှင့် ညောင်ကျိုးတိုက်နယ်ဆေးရုံ၊ ကျုံပျော်မြို့နယ်က အင်းရဲတိုက်နယ်ဆေးရုံတို့ကို အသစ်ဖွင့်လှစ်ပေးခဲ့သည့်အပြင် ညောင်တုန်းမြို့နယ်တွင် ၂၅ခုတင်ဆံ့ ဆားမလောက်တောင်သူလယ်သမားဆေးရုံကိုပါ ဖွင့်လှစ်ပေးခဲ့သည့်အတွက် ယခု ဆိုလျှင် ဧရာဝတီတိုင်းတွင် ဆေးရုံသစ်ခုနစ်ရုံတိုးပွားလာမှုကြောင့် ဆေးရုံပေါင်း ၇၂ရုံရှိလာခဲ့ပြီဖြစ်ကြောင်း။

အဆင့်တိုးမြှင့်ပေးခဲ့

ထို့ပြင် ၂၅ ခုတင်ဆံ့ ဆေးရုံများဖြစ်သော ဒေးဒရဲမြို့နယ်ဆေးရုံနှင့် ညောင်တုန်းမြို့နယ် ဆေးရုံတို့ကို ခုတင်–၅၀ဆံ့ ဆေးရုံများအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့သကဲ့သို့ အထူးဒေသကြီးများတွင် ပါဝင်သော ခုတင်–၂၀၀ဆံ့ ပုသိမ်ပြည်သူ့ဆေးရုံကြီးကို ခုတင်–၂၅၀ဆံ့ဆေးရုံကြီးအဖြစ်နှင့် ဟင်္သာတခရိုင်ပြည်သူ့ဆေးရုံကြီးကို ခုတင်–၂၀၀ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဆေးရုံများ အဆင့်တိုးမြှင့်ပေးနေသကဲ့သို့ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ၊ ရောဂါရှာဖွေရေးနှင့် ကုသရေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးပြီး အထူးကုသမားတော်ကြီးများလည်း တိုးမြှင့်ခန့်ထားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ်က ဧရာဝတီတိုင်းအတွင်း ဆေးရုံကြီးများတွင် အထူးကုသမားတော်ကြီး ၂၄ဦးသာရှိခဲ့ရာမှ ယခုဆိုလျှင် အထူးကု သမားတော်ကြီး ၄၂ဦး ထပ်မံတိုးလာသည့်အတွက် ဧရာဝတီတိုင်းအတွင်း အထူးကုသမားတော်ကြီး ၆၆ဦးထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဆရာဝန်နှင့်သူနာပြုအင်အားအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်က ဧရာဝတီတိုင်း တစ်တိုင်းလုံးတွင် ဆရာဝန် ၂၁၁ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၃၄ဦးနှင့် သူနာပြု ၂၇၅ဦးသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆရာဝန် ၃၁၉ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၄၅ဦးနှင့် သူနာပြု ၄၄၈ဦးရှိလာခဲ့ပြီဖြစ်သည့်အတွက် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု သိသာစွာ တိုးမြှင့်ဆောင်ရွက်ပေးလာနိုင်နေပြီဖြစ်ကြောင်း။

အဆောက်အအုံသစ်

မအူပင်ပြည်သူ့ဆေးရုံကြီးဆိုလျှင်လည်း ၁၉၈၉ခုနှစ်တွင် ခုတင်–၁၀၀ဆံ့ ဆေးရုံကြီးဖြစ်နေပြီဖြစ်သော်လည်း ထိုက်တန်သော ဆေးရုံအဆောက်အအုံ မရှိသေးသည့်အတွက် မိမိတို့လက်ထက်တွင် ခုတင်–၁၀၀ဆံ့ဆေးရုံ အဆောက်အအုံသစ်ကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုအခါတွင် မအူပင်ဒေသကို ဖွံ့ဖြိုးရေးအထူးဒေသကြီးအဖြစ် သတ်မှတ်လိုက်သည့်အတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရအောင် မအူပင်ခရိုင်ဆေးရုံကြီးကို ခုတင်–၂၀၀ဆံ့ အထူးကုဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွဲ့စည်းပေးခဲ့ပြီး အထူးကုဆေးရုံကြီးနှင့် ဆီလျော်ထိုက်တန်သော ဆေးရုံသစ်ကြီးကို စီမံတည်ဆောက်ပေးခဲ့သည့်အတွက် ယနေ့ သစ်လွင်ခံ့ညားထည်ဝါသော ဆေးရုံအဆောက်အအုံသစ်ကြီး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

အင်္ဂါရပ်များပြည့်စုံ

ထို့အပြင် မူလရှိပြီး ဆေးရုံအဆောက်အအုံကိုလည်း အဆင့်မြှင့်တင်ပြီး အကြီးစား မွမ်းမံပြင်ဆင်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် ဆေးရုံအဆောက်အအုံများ ပေါင်းစည်းပြီး မအူပင် ခုတင်–၂၀၀ ဆံ့ အထူးကုဆေးရုံကြီးဆိုသော ဂုဏ်ဒြပ်နှင့်လျော်ညီစွာ ခေတ်မီခွဲစိတ်ဆောင်၊ ဓာတ်ခွဲ/ဓာတ်မှန်ဆောင်၊ အရိုးရောဂါကုသဆောင်၊ သားဖွားမီးယပ်ဆောင်၊ ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသခန်း စသည့် အဆင့်မြင့်ဆေးရုံကြီး၏ အင်္ဂါရပ်များနှင့် ပြည့်စုံလာပြီဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ မအူပင်ဆေးရုံသစ်ကြီးအား သစ်လွင်ခံ့ညားထည်ဝါပြီး ခေတ်မီအဆင့်မြင့်သော အဆောက်အအုံများ တည်ဆောက်ခဲ့သည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေက ကျပ်သိန်းပေါင်း ၇၃၀၀ကျော် ကျခံသုံးစွဲခဲ့ရပြီးဖြစ်ကြောင်း၊ အချောသတ်လုပ်ငန်းများအတွက် ထပ်မံကုန်ကျဖွယ်ရာများ ကျန်ရှိပါသေးကြောင်း၊ ၎င်းမှာခေတ်မီရောဂါ ရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ခေတ်မီဆေးဝါးများအတွက် ကျခံသုံးစွဲမှုများမပါဝင်ဘဲ အဆောက်အအုံ တန်ဖိုးသက်သက်ကိုသာ ပြောကြားခြင်းဖြစ်ကြောင်း။

အထူးကုဘာသာရပ်တိုးတက်

ဤကဲ့သို့ ငွေကြေးများစွာ ကုန်ကျခံ အဆင့်မြှင့်တင်ပေးခဲ့သည့်အတွက် မအူပင်ဆေးရုံကြီးတွင် မူလက အထူးကုဘာသာရပ်ခြောက်မျိုးအတွက်သာ အထူးကုဌာနများရှိခဲ့ရာမှ ယခုဆိုလျှင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ရောဂါဗေဒ၊ စိတ်ကျန်းမာရေး၊ အရိုးရောဂါ၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်မှု စသည့် အထူးကုဘာသာရပ်များ တိုးတက်လာခြင်းဖြစ်သည့်အတွက် အထူးကုဘာသာရပ်ပေါင်း ၁၇မျိုးကို ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် သစ်လွင်ခံ့ညားထည်ဝါသော ဆေးရုံအဆောက်အအုံသစ်ကြီးနှင့်တကွ ခေတ်မီတိုးတက်သော ရောဂါရှာဖွေရေးနှင့်ကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများ၊ အထူးကုဌာနများ တိုးတက်ဖြစ်ထွန်းလာနေပြီဖြစ်သော မအူပင် ခုတင်–၂၀၀ဆံ့ အထူးကုဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးက နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်ထားရှိသော မွန်မြတ်သန့်စင်သော စေတနာကောင်းနှင့်အညီ မိမိရပ်ရွာ၊ မိမိဒေသရှိ ပြည်သူများအားလုံး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မြင့်မားမားဖြင့် ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရအောင် ထက်ထက်သန်သန် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

အားထုတ်ကြိုးပမ်း

မအူပင်ဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများကလည်း မိမိတို့ဒေသအတွင်း ဖြစ်ထွန်းပေါ်ပေါက်လာသော ကျန်းမာရေးစောင့်ရှောက်မှု အခြေခံကောင်းများကို ထိုက်ထိုက်တန်တန်အသုံးပြုပြီး ကျန်းမာကြံ့ခိုင်သန်စွမ်းသော နိုင်ငံ့အကျိုးပြုစွမ်းအားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မြဲမြဲရပ်တည်လျက် မိမိရပ်ရွာမိမိဒေသ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နောက်တစ်ခုပြောလိုသည်မှာ နိုင်ငံကြီးအချို့က ပြည်သူ့အကျိုးစီးပွားမလိုလားသူ အင်အားစုအချို့နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအကြောင်းပြချက်ဖြင့် ပြည်သူအများ ဒုက္ခဆင်းရဲကျရောက်အောင် စီးပွားရေးပိတ်ဆို့မှု ပြုလုပ်လိုက်ချိန်တွင် ယခုကဲ့သို့ အထူးကုဆေးရုံကြီးတစ်ခု ဖွင့်လှစ်ပေးလိုက်နိုင်ခြင်းကြောင့် ကုန်ထုတ်စွမ်းအားစုများ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မအူပင်မြို့ ခုတင်–၂၀၀ ဆံ့ အထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်များမှ လှူဒါန်းငွေစုစုပေါင်း ကျပ် ၁၈၃သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းငွေသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ပိုမိုတောင့်တင်းခိုင်မာရေးကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှု ပိုမိုရှိလာသည်နှင့်အမျှ ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးဇာတိချက်မဖြစ်သည်နှင့်အညီ တစ်ဧက စပါးအထွက်နှုန်း အနည်းဆုံးတင်း ၁၀၀ ထွက်ရှိရေး ဦးတည်ချက်ဖြင့် ဝီရိယအားပိုမိုစိုက်ထုတ်ကြိုးပမ်းလိုက်ခြင်းအားဖြင့် ၎င်းတို့၏ စီးပွားရေးပိတ်ဆို့မှုကို ပြန်လည်စိန်ခေါ်လိုက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ဝီရိယအားစိုက်ထုတ်ရေးဖြင့် နိုင်ငံတော်ကို ကျေးဇူးတုံ့ပြန်ပေးပါဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ဒေသခံပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြံ့ခိုင်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသ၏ စီးပွားရေးဘဝကို တိုးတက်စည်ပင်သည်ထက် တိုးတက်စည်ပင်အောင်၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းသည်ထက် တိုးတက်ပေါ်ထွန်းလာအောင် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးလာသော ကျန်းမာရေးစောင့်ရှောက်မှု အကျိုးရလဒ်ကောင်းများကို ထိုက်ထိုက်တန်တန် အကျိုးရှိရှိ အသုံးပြုပြီး ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ကျန်းမာကြံ့ခိုင်မှု ပိုမိုဖြစ်ထွန်းလာသည်နှင့်အညီ ကုန်ထုတ်စွမ်းအားစုများ ပိုမိုတိုးတက်ဖြစ်ထွန်းလာအောင် ကာယစွမ်းအား၊ ဉာဏစွမ်းအားများ ပိုမိုစိုက်ထုတ်ကြိုးပမ်းကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက် ချမှတ်ပြီး ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ခုတင်အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်အခါတွင် ဆေးရုံ၊ ဆေးပေးခန်းများ တိုးတက်လာသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ စသည့် ကျန်းမာရေးဝန်ထမ်းများလည်း အရေအတွက် သိသိသာသာ တိုးတက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းတည်ဆောက်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ခုလုံးတွင်ရှိကြသည့် ဒေသအသီးသီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး ဒေသတစ်ခုစီတွင် တက္ကသိုလ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ခုတင်–၂၀၀ ဆံ့ အထူးကုဆေးရုံကြီးတို့ ပါဝင်ဖွဲ့စည်းတည်ဆောက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတွင် လုပ်ငန်းစဉ်ကြီးငါးရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး၊ ပညာရည်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၍ မကြာမီအချိန်အတွင်း နိုင်ငံတော် တစ်နံတစ်လျားနယ်စပ်ဒေသ အစိတ်အပိုင်းများအားလုံးတွင် ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် မအူပင်အထူးကုဆေးရုံကြီးတွင် မူလက အထူးကုဆရာဝန် ခြောက်ဦး၊ လက်ထောက်ဆရာဝန် ခြောက်ဦး အပါအဝင် စုစုပေါင်း ၈၂ ဦး ခွင့်ပြုခဲ့ရာမှ ယခုအခါ အထူးကုဆရာဝန်ကြီး ၁၇ ဦး၊ အထူးကုဆရာဝန် ၁၇ ဦး၊ လက်ထောက်ဆရာဝန် ၆၈ ဦး အပါအဝင် စုစုပေါင်း ဝန်ထမ်း ၅၉၄ ဦး ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

ဖြည့်ဆည်းပေးထား

ထို့ပြင် ခုတင်–၂၀၀ဆံ့ အထူးကုဆေးရုံကြီးအဆင့်နှင့် လျော်ညီသော ခေတ်မီဆေးပစ္စည်း ကိရိယာများကိုလည်း ဖြည့်ဆည်းထောက်ပံ့ပေးထားပါကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး မြန်မာ့ရုပ်မြင်သံကြားမှ ကိုးပါးသီလချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၀

ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိမလာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလတော်မြတ်ကို ၁၃၆၅ခုနှစ် ဝါခေါင်လပြည့်နေ့၊ ဩဂုတ် ၁၂ ရက်(အင်္ဂါနေ့)တွင် မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်အပြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကိုကြည့်လျှင်လည်း ၁၉၈၈ခုနှစ်တွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများအပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ရုံ ရှိလာပြီ ဖြစ်ပါကြောင်း။

ဆေးရုံပေါင်း ၁၄၀

ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင်လည်း ၂၅ခုတင်မှ ခုတင်–၅၀၊ ခုတင်–၁၀၀မှ ခုတင်–၂၀၀၊ နောက်ဆုံး ခုတင်– ၃၀၀ဆံ့ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၄၀ ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ဆရာဝန်အင်အားအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၁၂၂၆၈ ဦးရှိရာမှ ၂၀၀၃ခုနှစ်တွင် ၁၆၅၇၀ဦး ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

နယ်စပ်ဒေသများတွင်လည်း ၁၉၈၈ခုနှစ်က ဆေးရုံ ရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်ထားနိုင်ခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ဆေးရုံ ၅၂ရုံ၊ ဆေးပေးခန်း ၈၂ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၉ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင်မြို့နယ်များ၌ ဆေးရုံပေါင်း ၄၄၃ရုံကိုပါ ထပ်မံဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်နယ်/တိုင်းမြို့ကြီးများနှင့် ခရိုင်အဆင့်ဆေးရုံကြီးများ၏ ရောဂါရှာဖွေမှု၊ ကုသမှုအရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးရုံသုံးပစ္စည်းများကို ဖြည့်တင်းပေးလျက်ရှိရာ ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှ စပြီး ၂၀၀၂–၂၀၀၃ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၂၁ဒသမ ၉သန်းဖိုး ကျခံသုံးစွဲခဲ့ပါကြောင်း။

၁၉၈၈ခုနှစ်တွင် ဆေးတက္ကသိုလ်သုံးခုနှင့် သွားဘက်ဆိုင်ရာ တက္ကသိုလ်တစ်ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ တက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ပညာသင်တက္ကသိုလ်နှစ်ခု၊ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်နှစ်ခုနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခု စုစုပေါင်း တက္ကသိုလ် ၁၃ခု ရှိနေပြီ ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ယခင်က ဆေးတက္ကသိုလ်ကြီး သုံးခုတွင် လက်ခံသော ကျောင်းသားဦးရေ ၅၅၀မှ ယခု ဆေးတက္ကသိုလ်လေးခုတွင် ကျောင်းသူကျောင်းသား ၂၂၅၀ဦးအား လက်ခံသင်ကြားပေးလျက်ရှိပါကြောင်း။

သင်တန်းများဖွင့်လှစ်

ပြည်တွင်း ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ရာတွင် ဒီပလိုမာသင်တန်းပေါင်း ၂၃ခု၊ မဟာ ၂၅ခု၊ ပါရဂူ ၃၆ခု သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

တိုင်းရင်းဆေးသိပ္ပံကို ၁၉၇၆ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ၂၀၀၁ခုနှစ် ဒီဇင်ဘာလမှစ၍ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻

ပေးအပ်လှူဒါန်း

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မအူပင်မြို့ ခုတင်–၂၀၀ဆံ့ အထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၈–၂၀၀၃ (တနင်္လာနေ့)

၁၃၆၅ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၂၀ ၈။ ဖြူးချောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု) (အထက–၁၊ လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၅:၀၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ တေးဂီတအစီအစဉ်
- ၅:၃၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၄၅ ၈။ အကပဒေသာ
- ၅:၅၅ ၉။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
- ၆:၀၅ ၁၀။ မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံ
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း တတိယဆယ်စုနှစ် (အပိုင်း–၁)**
- ၇:၂၅ ၁၆။ သတ္တသတ္တာဟစံနေတော်မူခန်း (ဖြူသီ)
- ၇:၄၅ ၁၇။ မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ ဆွေးနွေးခန်း
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
  - ၁၉။ နိုင်ငံတကာသတင်းများ
  - ၂၀။ မိုးလေဝသအခြေအနေ
  - ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း–၁၉)**
  - ၂၂။ နောက်တစ်နေ့အစီအစဉ်
  - ၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် လှိုင်သာယာစက်မှုမြို့ရှိ Southern Metal Industry Co, Ltd**၏ စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

သားငါးဖွံ့ဖြိုးမှု ပြည့်အကျိုး



➪ **ကျောဖုံးမှ**

မြန်မာနိုင်ငံသားများပိုင် SMI Co., Ltd သည် မြန်မာပြည်တွင် Steel Structure များဖြင့် အဆောက်အအုံများ ဆောက်လုပ်သည့် ကုမ္ပဏီတစ်ခု ဖြစ်ပြီး ၁၉၉၇ခုနှစ်တွင် တောင်ဒဂုံ စက်မှုဇုန်(၁)တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ စက်မှုဇုန်လုပ်ငန်းများ တိုးတက်များပြားလာမှုကြောင့် ၁၉၉၉ ခုနှစ်တွင် လှိုင်သာယာနှင့် မန္တလေးတို့တွင် တစ်ပြိုင်တည်း တိုးချဲ့တည်ထောင်ခဲ့ပါကြောင်း။

မျှော်မှန်းချက်များ

မြန်မာနိုင်ငံအတွင်းသို့ ခေတ်မီဆောက်လုပ်ရေးနည်းပညာများ ဖြန့်ဖြူးပေးရန်၊ ဈေးနှုန်းချိုသာပြီး အရည်အသွေး စံချိန်စံညွှန်းမီသော အဆောက်အအုံများ တည်ဆောက်ပေးရန်နှင့် အချိန်တိုကာလအတွင်း မြန်မာ့စက်မှုလက်မှုအဆင့်အတန်း တိုးတက်မြင့်မားစေရန်ဟူသည့် မျှော်မှန်းချက်များထားရှိ ဆောင်ရွက်လျက်ရှိပါကြောင်း။

Steel Structureအဆောက်အအုံများ၏ အားသာချက်အနေဖြင့် RC အဆောက်အအုံများထက် ကုန်ကျစရိတ်သက်သာခြင်း၊ အချိန်တိုအတွင်း ဆောက်လုပ်ပြီးစီးနိုင်ခြင်း၊ ထိန်းသိမ်းမှုစရိတ် သက်သာခြင်း၊ ခန်းပွင့်အကျယ် ဆောက်လုပ်နိုင်ခြင်း၊ ငလျင်ဘေးဒဏ် ပိုမိုခံနိုင်ခြင်း၊ စက်ရုံတိုးချဲ့တည်ဆောက်ရန် လွယ်ကူခြင်း၊ ကျစ်လျစ်လှပသည့် အဆောက်အအုံအဖြစ် ရှုမြင်နိုင်ခြင်းတို့ ဖြစ်ပါကြောင်း။

စက်ရုံတည်ဆောက်ရေး

SMI Co.,Ltd အနေဖြင့် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ ကျောက်ဆည်စက်မှုဇုန်၊စစ်ကိုင်းစက်မှုဇုန်၊ အောင်ပန်းစက်မှုဇုန်၊ တောင်ဒဂုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ သီလဝါ၊ သာကေတ၊ ငွေပယ်လယ်၊သာခုကန်နှင့် ရွှေလင်ဗန်း စက်မှုဇုန်များတွင် စက်ရုံတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့် စက်ရုံတည်ဆောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းတည်ဆောက်လျက် ရှိပါကြောင်း၊ သာမန်အခြေအနေတွင် စက်ရုံတစ်ရုံကို လေးလမှ ခြောက်လအတွင်း ပြီးစီးအောင် တည်ဆောက်ပေးနိုင်ပါကြောင်း။

တန်ချိန်ငါးသောင်း

SMI Co.,Ltd ၏ လက်ရှိစက်ရုံများ အနေဖြင့် တစ်နှစ်လျှင် တန်ချိန်သုံးသောင်းအထိ ထုတ်လုပ်နိုင်ပါကြောင်း၊ မကြာမီပြီးစီးတော့မည့် တိုးချဲ့စက်ရုံများ၏ စွမ်းအားကို ပေါင်းစပ်ပါက တစ်နှစ်လျှင် တန်ချိန်ငါးသောင်းအထိ တိုးချဲ့ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၂၇ဝကို Southern Metal Industry Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးရန်ဟော်က ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံခန်းမရှေ့၌ ခင်းကျင်းပြသထားသော စက်ရုံတွင် အသုံးပြုသော ပစ္စည်းများနှင့် စက်ရုံမှ ထုတ်လုပ်သော အမိုးပြားနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဝင်ရောက်၍ သံမဏိတိုင်၊ ဒိုင်များနှင့် တွဲသော ဖလမ်းပြားများကို အပေါက်ဖောက်လုပ်ငန်း၊ အပူခံ အမိုးသွပ်ပြားများ ထုတ်လုပ်မှုလုပ်ငန်း၊ ဒီဇယ်တိုင်ကီနှင့် သံမဏိကန်ထုတ်လုပ်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Southern Metal Industry Co., Ltd သည် မြန်မာနိုင်ငံတွင် Steel, Structureများဖြင့် အဆောက်အအုံများ ဆောက်လုပ်သည့် ကုမ္ပဏီများအနက် တစ်ခုဖြစ်ပြီး H-Beam များကို အသုံးပြုပြီး အရွယ်အစား အမျိုးမျိုးရှိသော စက်ရုံ အလုပ်ရုံများကို ဖြတ်တောက်ပုံသွင်း၍ ဆောက်လုပ်ခြင်း၊ C-Channel မြားတန်းများကို ကိုယ်တိုင်ထုတ်လုပ်တပ်ဆင်ခြင်း၊ Roofing Sheet များကို ကိုယ်တိုင်ထုတ်လုပ်အသုံးပြုတပ်ဆင်ခြင်း၊ Roll up Door တံခါးအမျိုးမျိုးကို ပြုလုပ်တပ်ဆင်ခြင်း၊Steel Plate များကို သုံးစွဲ၍ ဒီဇယ်၊ ဓာတ်ဆီနှင့် လောင်ကန်များ ပြုလုပ်ခြင်း၊ တာဝါတိုင်သုံးဆိုင်းဘုတ်အမြင့်များ ပြုလုပ်ခြင်း၊ ပြင်ဦးလွင်မြို့ နန်းမြင့်မျှော်စင်၏ Steel Structure များ ဆောက်လုပ်ခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုမြို့ရှိ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ တိုးတက်ဖြစ်ထွန်းနေသော စက်ရုံအလုပ်ရုံများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လှိုင်သာယာစက်မှုမြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

✻ စာမျက်နှာ ၉ မှ

ဖွင့်လှစ်နိုင်ခဲ့ပြီး ပထမနှစ်သင်တန်းသား ၂၀၆ဦးနှင့် ဒုတိယနှစ်သင်တန်းသား ၁၇၇ဦးတို့အား သင်ကြားပေးလျက်ရှိပါကြောင်း။

ရောဂါရှာဖွေရေးအပိုင်းတွင် တတိယအကြိမ် ကမ္ဘာ့အနာကြီးရောဂါ ပပျောက်ရေးဆွေးနွေးပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံတွင် အနာကြီးရောဂါ ပပျောက်ပြီဖြစ်ကြောင်းနှင့် အကြောသေပိုလီယိုရောဂါ ကင်းရှင်းသွားပြီဖြစ်ကြောင်းကို ပြောကြားသွားပါကြောင်း။

လွှမ်းခြုံမှုရရှိ

တီဘီရောဂါကုသရာတွင် အချိန်တိုနှင့် တိုက်ရိုက်ကြည့်ရှုစနစ် (DOTS)ဖြင့် ကျင့်သုံးရာ မြို့နယ်ပေါင်း ၃၂၃မြို့နယ်တွင် လွှမ်းခြုံမှုရရှိပြီး ဖြစ်ပါကြောင်း၊ ကျန်နေသေးသည့် တစ်မြို့နယ်ကိုလည်း ဆက်လက်ဆောင်ရွက်ရန် စီစဉ်ပြီးဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်ပေးသည့် ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံသစ်ကြီးမှာ အထူးကုဘာသာရပ် ၁၇မျိုးထိ တိုးချဲ့တာဝန်ယူဆောင်ရွက်မည့်အပြင် အထူးကုဆရာဝန်ကြီးများ၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေးကိရိယာများဖြင့် ရိုးသားကြိုးစားသည့် ဧရာဝတီတိုင်းသားများအား ကျန်းမာရေးဝန်ကြီးဌာနက နွေးထွေးစွာကြိုဆိုပြီး စေတနာဖြင့် ကုသပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဗီဒီယိုပြသ

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းတင် ဖွံ့ဖြိုးကျန်းမာပြည်မြန်မာ ဗီဒီယိုကို ပြသသည်။

ထို့နောက် ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီးအတွက် ထွဋ်ခေါင်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၉၀၊ ထွဋ်ခေါင်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအုန်းမြင့်-ဒေါ်စန်းမြင့်၊စီမံကိန်းဒါရိုက်တာ ဦးအောင်မင်း-ဒေါက်တာ မေသန့်ဇင်တို့က ငွေကျပ် ငါးသိန်းစီ၊ ရွှေကျားပျံကုမ္ပဏီလီမိတက်မှ ဒေါက်တာဇော်ထွန်း၊ ဝါဝါဝင်းကုမ္ပဏီလီမိတက်မှ ဦးရွှေကြိုင်၊ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဦးဝင်းအောင်၊ FMI ကုမ္ပဏီလီမိတက်မှ ဦးစိုးမြင့်၊ တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်မှ ဦးကိုကိုထွေး၊ ရွှေမာလာဆောက်လုပ်ရေးလုပ်ငန်းမှ ဦးအောင်ထွေး၊ Asia Express Co, Ltd မှ ဦးမောင်မောင်တို့က ငွေကျပ် ၁၀သိန်းစီ၊ ချမ်းသာဆောက်လုပ်ရေးလုပ်ငန်းမှ ဦးကြင်တီ၊ Tosta Group Co. Ltdမှ ဦးစိန်သစ်တို့က ငွေကျပ် ငါးသိန်းစီ၊ ဟိန်းဆောက်လုပ်ရေးလုပ်ငန်းမှ ဦးခင်မောင်လွင်က ငွေကျပ် နှစ်သိန်းနှင့် ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးမောင်မောင်က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းတို့က လက်ခံကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ခုတင်-၂၀၀ ဆံ့ အထူးကုဆေးရုံကြီးအတွက် လှူဒါန်းသော အလှူငွေ စုစုပေါင်း ငွေကျပ် ၁၈၃သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာသိမ်းငွေသို့ လွှဲပြောင်းပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(မအူပင်)သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဒေါ်သန္တာညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရနည်းပညာကောလိပ် (မအူပင်) ပရဝဏ် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

မအူပင်တက္ကသိုလ်

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မအူပင် တက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်ဦးစောဝင်း၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သရုပ်ပြ နည်းပြများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်အား မအူပင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဝင်း၊ သတ္တဗေဒဌာန ပါမောက္ခဒေါ်ဂျင်နီဖာစိုးမောင်နှင့် တာဝန်ရှိသူတို့က မအူပင်တက္ကသိုလ်ပရဝဏ် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ငါးကန်များ တူးဖော်မွေးမြူရေး၊ စပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ ဒုတိယနေ့ ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဩဂုတ် ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန၏ မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းအမျိုးသားပြတိုက် ပထမထပ်ရှိ ဘက်စုံခန်းမ၌ ယနေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက် ဖွင့်လှစ်ပြသထားရာ နိုင်ငံခြားသားများ အပါအဝင် ရပ်ရှင်လူပြည်သူများ တစ်ခဲနက် လာရောက် ကြည့်ရှုလေ့လာကြသည်ကို တွေ့ရသည်။

လက်တွေ့သရုပ်ပြ

ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသူ ပြည်သူများအား တူရိယာပစ္စည်းများ လက်တွေ့သရုပ်ပြ တီးခတ်ပြသမှု အစီအစဉ်အဖြစ် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းမှ မခေါက်ဖြော တီးခတ်မှုကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် မွန်လခြမ်းတူရိယာ၊ မိကျောင်းတူရိယာတို့ ပါဝင်တီးခတ်သည့် မွန်တီးဝိုင်းနှင့် ချင်းအမျိုးသားတို့၏ လေမှုတ်တူရိယာကို နှာခေါင်းဖြင့်မှုတ်၍သရုပ်ပြမှုတို့ကိုလည်းကောင်း အသီးသီးသရုပ်ပြ စီစဉ်တင်ဆက်ရာ ပြပွဲလာပရိသတ်များ အထူး စိတ်ဝင်စားကြသည်ကို တွေ့ရှိရသည်။

အလားတူ ဩဂုတ် ၁၁ရက် နံနက်ပိုင်းတွင် မန္တလေးမှ အသက်(၈၂)နှစ်အရွယ်ရှိ လေမှုတ်တူရိယာ ပညာရှင်ကြီး စိန်မြရှင်၏နဲ့ခြောက်လက်၊ ပလွေခြောက်လက်တို့ကို စွမ်းရည်ပြတီးမှုတ်တင်ဆက်ခြင်း၊ မွန်းလွဲပိုင်းတွင် ကချင်တိုင်းရင်းသား ငြင်းနှင့် ပလွေတူရိယာတီးမှုတ်သရုပ်ပြခြင်း၊ ရခိုင်မင်္ဂလာစည်တော် အဖွဲ့၏ သရုပ်ပြတီးခတ်ပြသခြင်း အစီအစဉ်များဖြင့် လက်တွေ့သရုပ်ပြတီးမှုတ်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ ဖွင့်ပွဲအခမ်းအနား ကျင်းပသည့် ယမန်နေ့က ရပ်ရှင်လူပြည်သူ ၅၉၃ဦး၊နိုင်ငံခြားသားဧည့်သည် ၄၆ဦး စုစုပေါင်း ၆၃၉ဦး လာရောက်ကြည့်ရှုလေ့လာပြီး ယနေ့တွင် ရပ်ရှင်လူပြည်သူ ၈၈၅ဦးနှင့် နိုင်ငံခြားဧည့်သည် ၁၃ဦး စုစုပေါင်း ၈၉၈ဦးတို့ လာရောက် ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ ပြပွဲကို ဩဂုတ် ၁၀ရက်က အမျိုးသားပြတိုက်၌ ဆက်လက်ပြသရာ ချင်းတိုင်းရင်းသားများက လေမှုတ် တူရိယာများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လှိုင်းဘွဲ့မြို့နယ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ တက်ရောက်အားပေး ကော့ကရိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ငွေသိန်း၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၅ရက်နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာသို့ သွားရောက်၍ တောင်သူဦးတာဒိုး၏ လယ်မြေ၌ကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် လှိုင်းဘွဲ့မြို့နယ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှက မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခွန်သန်းထွန်းက ကောက်စိုက်ပြိုင်ပွဲ အမှတ်ပေးစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

ငါးမျိုးများထည့်

ထို့နောက် ကောက်စိုက်ပြိုင်ပွဲဝင်အဖွဲ့ခုနစ်ဖွဲ့က စတင်ယှဉ်ပြိုင်ရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တက်ရောက်လာသူများကတပျော်တပါးကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ စပါးခင်းများအတွင်းသို့ ငါးမျိုးများကို ထည့်လွှတ်ပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသော အဖွဲ့များအား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ ထီလုံကျေးရွာ ကောက်စိုက်အဖွဲ့အား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆုပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့သည် ဘားအံ-လှိုင်းဘွဲ့လမ်း မိုင်တိုင် (၂၃/၆)နှင့် (၂၃/၇)ကြား မြေသားအဖြောင့်လမ်းဖောက်လုပ်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူးဦးတင်အောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် လှိုင်းဘွဲ့မြို့နယ်(က)ရပ်ကွက် ကုန်သည်လမ်းနှင့် အာဇာနည်လမ်းနေ မြို့မိ၊မြို့ဖ အဘိုးအဘွားများဖြစ်သူ ဦးစံရင်၊ ဦးပန်းငွေနှင့် ဒေါ်အေးမြင့်တို့အား ဝင်ရောက်တွေ့ဆုံကာ ကျန်းမာရေးအခြေအနေများကို မေးမြန်း၍ လက်ဆောင်ပစ္စည်းများကို ဂါရဝပြုပေးအပ်ကန်တော့ပြီး လှိုင်းဘွဲ့မြို့မကျောင်းကြီး၊ မြို့နယ်ဓမ္မာရုံအပါအဝင် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြည်ညိုကာ ကျောင်းတိုက်ရှိသံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် လှိုင်းဘွဲ့မြို့ နယ်မြေခံတပ်ရင်း ဒေါနခန်းမ၌ လှိုင်းဘွဲ့တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး စသည်ဖြင့် အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအတွက် ထောက်ပံ့ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးဝင်းထံ ပေးအပ်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် စုပေါင်းခန်းမသို့ သွားရောက်၍ ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဩဂုတ်၆ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်စိုး၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ကော့ကရိတ်မြို့ နဘူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် တစ်ထပ်ကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းခန်းမ၌ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ဆရာမများအားတွေ့ဆုံရာ မြို့နယ်ပညာရေးမှူး ဦးအေးမင်းက တစ်ထပ်ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြ၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ မျိုးဆက်သစ်လူငယ်လူရွယ်များ ပညာရည် မြင့်မားရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီးတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့သည် နဘူးတိုက်နယ်ဆေးရုံသို့ရောက်ရှိရာ တိုက်နယ်ဆရာဝန် ဒေါက်တာကျော်စွာမြင့်နှင့် ဆေးရုံဝန်ထမ်းများက ကြိုဆိုကြပြီးဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးပဒေသာပင်အတွက်အလှူငွေများကိုပေးအပ်လှူဒါန်း၍ တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဩဂုတ် ၁၀ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နှင့် ဆိပ်ကမ်းမြို့နယ်များအတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နယ်မြေခံတပ်ရင်း စုပေါင်းခန်းမ၌ နဘူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံပြီး နဘူးတပ်နယ်ရှိ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ပေးအပ်သည်။ (သတင်းစဉ်)

သီရိမင်္ဂလာမဟာစည်ရိပ်သာအထူးတရားစခန်း

ရန်ကုန် ဩဂုတ် ၁၀

သာသနာတော်နှစ် ၂၅၄၇ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ခုနှစ်၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်းရှိ သီရိမင်္ဂလာမဟာစည်ရိပ်သာ၌ ဝါခေါင်လပြည့်၊ ဩဂုတ်၁၂ရက်မှစ၍ ဝါခေါင်လပြည့်ကျော်၁၀ရက်၊ ဩဂုတ် ၂၂ ရက်အထိ ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည်နယ်လှည့် ဓမ္မကထိက တွံတေးအရှင်ဣန္ဒကနှင့် တပည့်များက ဝါတွင်းအထူး ၁၀ရက်တရားစခန်းပွဲ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အကျိုးဆောင်အဖွဲ့ ဖုန်း-၅၈၀၄၅၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

❍ **ဒေသတည်ငြိမ်အေးချမ်းသည်မှ** ဆောင်ရွက်သည့် အချိန်တွင်လည်း ရောက်ခဲ့ပြီး ခရီးသွားဆောင်းပါးများကို ၁၉၉၇ခုနှစ်တွင် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများ၌ အခန်းဆက်ရေးသားခဲ့ပြီး ဖြစ်ပေသည်။

တံတားဆောက်ရန်

ထိုစဉ်ကပင် သက်ဆိုင်ရာတို့က ဤအပြောကျယ်သည့် 'နမ့်မွေ'ချောင်းကို တံတားဆောက်ရန် စီမံနေကြခြင်းဖြစ်ပါသည်။ သို့ရာတွင် အကြောင်းမညီညွတ်သည့်အတွက် နမ့်မွေချောင်းတံတားကြီး အကောင်အထည် မပေါ်ခဲ့ပါချေ။

၁၉၈၈ ခုနှစ် မတိုင်မီက ဤဒေသ (တာလေ-ပါလျှို-ကျိုင်းလပ်) သည် လုံခြုံငြိမ်းချမ်းမှုမရရှိခဲ့ပါ။ မြန်မာနိုင်ငံလွတ်လပ်ရေးသက်တမ်းနှင့်အမျှ လုံခြုံမှု မရှိသည့်ဒေသဟု ရေး၍လည်းရပါသည်။

ပြည်ပကျူးကျော်သူများကို မြန်မာ့တပ်မတော်သည် လက်နက်အင်အား၊ လူအင်အား သာလွန်ကောင်းမွန်သည့် ပြည်ပကျူးကျော်သူများကို ဤပါလျှို-ကျိုက်လပ်ဒေသမှ ရှုပ်ရှုပ်ရွရွ တွန်းလှန်ချေမှုန်းခဲ့သည့် သမိုင်းနောက်ခံဖြစ်ရပ်များသည် ဤဒေသ၏ ထူးခြားမှုဖြစ်စဉ်ဟု ဆိုချင်ပါသည်။

ပြည်ပကျူးကျော်သူများ ထွက်ပြေးသွားသော်လည်း ဤဒေသသည် မငြိမ်းချမ်းခဲ့ဘဲ ဆူပူမှုများ ဖြစ်ပေါ်လာပြန်သည်။ ဤအခါတွင်လည်းတပ်မတော်သည် ဒေသခံ တိုင်းရင်းသားပြည်သူတို့နှင့် ပူးပေါင်းကာ ဆူပူသောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းခဲ့ရသည်။ ထို့ကြောင့် ဤနေရာ ဤဒေသသည် '၁၉၈၉'ခုနှစ် မတိုင်မီက လုံခြုံမှုကင်းမဲ့ရာ နယ်မြေဒေသတစ်ခု ဖြစ်ခဲ့သည်။ ယခုကဲ့သို့ ပန်းပဲ-ပါလျှို ခွင်ထဲသို့ ဝင်ရောက်ပြီးခိုင်မာသည့် တံတားကြီးတစ်စင်း တည်ဆောက်နိုင်ဖို့ အရေးသည် အိပ်မက်ပမာ စိတ်ကူးယဉ်ရုံသက်သက်ဖြစ်မည်ဟု ဆိုချင်ပါသည်။

ယခုမူ စိတ်ကူးယဉ်အိပ်မက်တို့သည် နယ်မြေဒေသ လုံခြုံအေးချမ်းမှုနှင့်အညီ ခိုင်ခံ့သည့်သံကူကွန်ကရစ်တံတားကြီး ပေါ်ထွန်းလာပြီမဟုတ်ပါလား။ ထို့အပြင် တာလေ-ပါလျှို-ကျိုင်းလပ်လမ်းပေါ်ရှိ နမ့်မွေချောင်းတံတားနှင့် လမ်းသမိုင်းအကျဉ်းကိုလည်း ထပ်ဆင့်တင်ပြလိုပါသည်။

စစ်ဆင်ရေးလမ်း

အရှည်၃၇မိုင်ရှိသော လမ်းတွင် မိုင်းလင်း(အနောက်)၊ မိုင်းလင်း(အရှေ့)၊ နမ့်ခင်အုပ်စု၊ ပါလျှိုအုပ်စုနှင့် ကျိုင်းလပ်အုပ်စုဖြင့် ကျေးရွာအုပ်စု လေးခု တည်ရှိပါသည်။ ဤလမ်းမှာလည်း ပြည်ပကျူးကျော်သူများကို တိုက်ရာတွင် စစ်ဆင်ရေးလမ်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းအပိုင်း မိုင်တိုင်၂၁/၀တွင် အသုံးပြုခဲ့သော မြေသားလမ်း၊ လေယာဉ်ကွင်းဟောင်းရှိပြီး မိုင်တိုင် ၁/၃ခန့်မှာ မဲခေါင်မြစ်ရေတိုက်စားမှုတွင် ပြိုကျပျက်စီးခဲ့ကြောင်း သိရှိရပါသည်။ရေချောင်းကြီးငယ်များ ပေါများသောလမ်းကြောင်း ဖြစ်သည့်အပြင် မြေသားလမ်းသာရှိသော အပိုင်းများဖြစ်၍ ယခင်က နွေရာသီတွင်သာ သုံးသောလမ်းဖြစ်ခဲ့ပါသည်။

ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်နယ်မြေဒေသအတွင်း ငြိမ်းချမ်းရေးရရှိခဲ့ပြီးဖြစ်ပါ၍ ပါလျှိုအုပ်စု၊ နမ့်ခင်းအုပ်စုတို့သည် နှစ်ရှည်သီးနှံစိုက်ခင်းများ လယ်မြေသစ်ဖော်ထုတ်စိုက်ပျိုးခြင်း၊ တိုးချဲ့ဆောင်ရွက်လာခြင်း၊ နယ်မြေဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့် တိုးတက်ဖွံ့ဖြိုး လာစေရန်အတွက်လည်းကောင်း၊ လာအိုနိုင်ငံနှင့် ကုန်သွယ်ဆက်ဆံရေးအတွက် မူလနွေရာသီ သွားလမ်းမှ ရာသီမရွေး သွားလာနိုင်သော လမ်းအဆင့်သို့ တိုးတက်ဆောင်ရွက်ရန်လိုအပ်ပါသည်။

ထို့ကြောင့် ၁၇-၇-၂၀၀၁ ရက်နေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ခရီးစဉ်တွင် အဆိုပါလမ်းကို အမာခံလမ်းအဆင့်သို့ တိုးတက်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပေသည်။

လမ်းညွှန်မှာကြား

၆-၁၀-၂၀၀၁ရက်နေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တာလေ-ပါလျှို-ကျိုင်းလပ်လမ်း ခရီးစဉ်တွင်လည်း ဒေသဘက်စုံဖွံ့ဖြိုးရေး၊ တိုးတက်ရေး အရှိန်အဟုန်မြင့်မားလာစေရန် အဆိုပါလမ်းအား အမာခံလမ်းအဆင့် တိုးတက်တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့ပြန်သည်။

ထို့အတူ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည်လည်း ဤတာလေ-ပါလျှို-ကျိုင်းလပ်ဒေသ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ရှမ်းအရှေ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့်အတူ အချိန်ရလျှင်ရသလို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်မှုများကို ဖြည့်ဆည်းပေးခဲ့သည်။

ထို့ကြောင့် အထက်ဖော်ပြပါလမ်းနှင့် အကျုံးဝင်သည့် ချောင်းကူးတံတားများ တည်ဆောက်ရေးလုပ်ငန်းကိုပါ တစ်ဆက်တည်း ဆောင်ရွက်ရန် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ထည့်သွင်းစီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်သည်။

ဤသို့ဆောင်ရွက်ရာတွင် ၃/၀မိုင်မှ ၃၇/၀မိုင်အထိ အမာခံ ကျောက်ချောလမ်းခင်းခြင်းနှင့်ပတ်သက်၍ လမ်းမျက်နှာပြင်နိမ့်သောအပိုင်းများ မြေဖို့ခြင်း၊ တောင်စောင်းများဖြတ်၍ လမ်းပံ့ဖော်ခြင်း၊ကျောက်ချောလမ်းခင်းကြိတ်ခြင်း လုပ်ငန်းတို့ကိုပါဆောင်ရွက်ကြရသည်။

တံတားများ တည်ဆောက်ခြင်းလုပ်ငန်းကို နမ့်မွေချောင်းကူးတံတား ပေ ၃၀၀သံကူကွန်ကရစ်တံတားကြီးကို ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ် ကြိုတင်စိုက်ထုတ်ငွေဖြင့် အပြီးသတ် ဆောင်ရွက်ပြီးဖြစ်ပေသည်။

ထို့အပြင် ပေ ၁၀၀အထက် တံတားများနှစ်စင်းလုပ်ငန်းတွင် (က)တော်ကော့ ချောင်းကူးတံတား ပေ ၁၀၀၊ (ခ) ဝမ်မီးမိုင်ချောင်းကူးတံတား ပေ ၁၀၀ လုပ်ငန်းတို့ဖြစ်သည်။ ပေ ၅၀ အထက်တံတားများ လေးစင်းလုပ်ငန်းတွင် (က) နမ့်ကိုင်ချောင်းတံတား ပေ ၅၀၊ (ခ) ဝမ်လန်ချောင်းကူးတံတား ပေ ၅၀၊ (ဂ) ဝမ်လုံးချောင်းကူးတံတား ပေ ၇၀၊ (ဃ) နမ့်ဝမ်ချောင်းကူးတံတား ပေ ၆၀တို့ ဖြစ်ပါသည်။

အကောင်အထည်ဖော်ခဲ့

ထို့အပြင် ပေ ၄၀မှ ရှစ်ပေအထိ ကွန်ကရစ်တံတားများ ၂၄စင်းနှင့် ပေ ၃၀ ကွန်ကရစ် ရေကျော်တစ်စင်း၊ ငါးပေကွန်ကရစ်တံတားငယ် ၃၂စင်း စုစုပေါင်းတံတား ၆၄စင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ် အကောင်အထည်ဖော်ပေးခဲ့ပြီး ဖြစ်ပါသည်။

ခြုံ၍ဆိုရသော် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် နယ်စွန်နယ်ဖျားဒေသဖြစ်သည့် တာချီလိတ်ခရိုင် တာလေ-ပါလျှို-ကျိုင်းလပ်လမ်းကို ဒေသခံပြည်သူများအတွက် ရွှေလမ်းငွေလမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါသည်။

ဤပါလျှို-ကျိုင်းလပ်ဒေသသည် လုံခြုံအေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေး၏ အချက်အချာဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးသည်လည်း ရေမြင့်ကြာတင့်ဆိုဘိသကဲ့သို့ တိုးတက်လာမည်ဖြစ်ပြီး တစ်ချိန်က အိပ်မက်ပင် မမက်ဝံ့သည့် ဤသို့ခိုင်ခံ့ကောင်းမွန်သည့် နမ့်မွေချောင်းတံတားကြီးသည်လည်းနေ့ချင်းညချင်းဆိုသလို ပေါ်ထွန်းလာပြီဖြစ်ရာ နယ်စွန်နယ်ဖျားဒေသဖြစ်သည့် တာလေ-ပါလျှို-ကျိုင်းလပ်ဒေသသည် မကြာမီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ॥ **(ကြေးမုံ)**

ပြည်ထောင်စု တစ်ခွင် တည်ဆောက် မြှင့်တင်

ဓာတ်ပုံမှတ်တမ်း

ငွေးအောင်(ကြေးမုံ)
အောင်မိုး(ကြေးမုံ)
ရေချမ်းမြင့်

တူးမြောင်းဖောက်လုပ်

ကျောက်ပန်းတောင်းမြို့နယ် တောင်ရေချောင်း ရေလှောင်တမံမှ ကြက်မောက်တောင်ဆည်သို့ ရေပို့ပေးရန်အတွက် ဆက်သွယ်ရေး တူးမြောင်းဖောက်လုပ်နေသည်ကို ၂၀၀၃ ခုနှစ် ဇူလိုင် ၁၄ ရက်က ဤသို့တွေ့ရသည်။ (အပေါ်ပုံ) [ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]



စက်လည်ပတ်မှု

ရောဝတီတိုင်း "ရောစွမ်းအား စပါးခွံလောင်စာ ဓာတ်ငွေ့သုံး အင်ဂျင်ထုတ်လုပ်ရေး စက်ရုံ" အတွက် စပါးခွံ ကုန်ကြမ်း ရရှိရန် စက်ရုံ၏ ကျောဘက်တွင် တစ်နာရီလျှင် ၂၅ တင်းကျ "ရောစွမ်းအား ဆန်စက်" ကို တည်ဆောက်ထားပြီး ဆန်စက်မှ ဆန်များ လက်တွေ့ကြိတ်ခွဲ စက်လည်ပတ်နေမှုကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။ (ဝဲပုံ)
[ဓာတ်ပုံမှတ်တမ်း- ငွေးအောင်(ကြေးမုံ)]

လက်တွေ့ သင်တန်း

မြန်မာ့မီးရထား စက်ခေါင်းရုံ (ရွာထောင်)တွင် မီးရထား စက်ခေါင်းများ၊ ရထားတွဲဆိုင်းများ၊ မီးရထားစက်ခေါင်း အရန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့်နည်းတူ သင်တန်းများလည်း ဖွင့်လှစ်ပို့ချလျက်ရှိသည်။ (ယာပုံတွင် သံဂဟေဆက် သင်တန်း၌ ကျွမ်းကျင်သူ မီးရထားဝန်ထမ်းများက သင်တန်းသားများအား သံဂဟေဆက်နည်း လက်တွေ့သင်တန်းပေးနေစဉ်။)
(ဓာတ်ပုံမှတ်တမ်း- ရေချမ်းမြင့်)



ဟင်းသီးဟင်းရွက် စိုက်ခင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) လောက်ကိုင်ခရိုင်တွင် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းကို ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်သူများက နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ (ဝဲပုံတွင် လောက်ကိုင်မြို့ အရှေ့ဘက်တွင် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုဖြင့် ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းကြီးကိုတစ်မျှော်တစ်ခေါ် တွေ့နိုင်သည်။)
(ဓာတ်ပုံမှတ်တမ်း- ရေချမ်းမြင့်)

(၁၁)ကြိမ် နိကာယ်စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၁)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကိုတစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၆၄ဌာနတို့၌ ကျင်းပခဲ့ရာ အုပ်စု(၁)ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းတွင် ငါးကျမ်းအောင် အပါး ၂၀၀၊ လေးကျမ်းအောင်အပါး ၂၃၀၊ သုံးကျမ်းအောင် ၂၆၈ပါး၊ နှစ်ကျမ်းအောင် ၂၉၆ပါးနှင့် တစ်ကျမ်းအောင် ၄၉၆ပါးတို့ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင် အပါး ၂၀၀တွင် ပထမ ခုံအမှတ် (စက-၁၇၃) အရှင်ဝိစက္ခဏ တိပိဋက နိကာယ ကျောင်းတိုက် မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း၊ ဒုတိယ ခုံအမှတ်(မန်း/ပကခ-၅၄)အရှင်ဝိသုတ သုဝဏ္ဏာလင်္ကာရကျောင်း ဆံတော်ရှင်တိုက် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်း၊ တတိယ ခုံအမှတ် (လေး-၁၂) အရှင်နန္ဒောဘာသ ပင်လုံတပ်ဦး ပရိယတ္တိစာသင်တိုက် ကလေးမြို့ စစ်ကိုင်းတိုင်းနှင့် သီလရှင်ပထမ ခုံအမှတ် (ရေနံ-၆၀)မထေရာသီ ခေမာသီရိစာသင်တိုက် မကွေးမြို့ မကွေးတိုင်းတို့ ဖြစ်ကြသည်။

အုပ်စု(၂)ဒီဃနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းတွင် သုံးကျမ်းအောင် ၄၁ပါး၊ နှစ်ကျမ်းအောင်အပါး ၂၀၊ တစ်ကျမ်းအောင် ၁၉ပါးတို့ဖြစ်ကြပြီး ဒီဃနိကာယ်သုံးကျမ်းအောင် ၄၁ပါးတွင် ပထမခုံအမှတ်(တမ-၃)အရှင်တေဇဝန္တ မေဓာရုံသီကျောင်း ဒေဝသာဂရသိမ်ကုန်းတိုက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်(ပူရ-၁၄)အရှင်ပညာဝံသာလင်္ကာရ မဟာဂန္ဓာရုံကျောင်းတိုက် အမရပူရမြို့ မန္တလေးတိုင်း၊ တတိယ ခုံအမှတ်(ရက-၂)အရှင်သုနန္ဒ ပဋ္ဌနိကာယ သာသနဗိမာန်ကျောင်းတိုက် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းနှင့် သီလရှင်ပထမ ခုံအမှတ်(ဟ-၂)ဒေါ်ဓောရီ အပြင်ပတ္တမြားသီလရှင်ကျောင်းတိုက် ဟင်္သာတ မြို့ ဧရာဝတီတိုင်းတို့ဖြစ်ကြသည်။

အုပ်စု(၃)မဇ္ဈိမနိကာယ (သုတ္တန္တပိဋက)သုံးကျမ်းတွင် သုံးကျမ်းအောင်ခုနစ်ပါး၊ နှစ်ကျမ်းအောင်ငါးပါး၊ တစ်ကျမ်းအောင်ကိုးပါးတို့ဖြစ်ကြပြီး မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ခုနစ်ပါးတွင် ပထမခုံအမှတ်(ဒဂတ-၁) အရှင်ဇာနေယျ နိကာယ်စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယခုံအမှတ်(ကြို့-၂)ရှင်တိက္ခ ဉာဏ မဟာဂန္ဓာရုံကျောင်းတိုက် သုံးဆယ်မြို့ ပဲခူးတိုင်းနှင့် တတိယ ခုံအမှတ် (တက-၁)ဖွေးဝိဇ္ဇာနန္ဒ ပထမတောင်ကျောင်းကြီးတိုက် တောင်ကြီးမြို့ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့ဖြစ်ကြသည်။

အုပ်စု(၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက)သုံးကျမ်းတွင် သုံးကျမ်းအောင်သုံးပါး၊ နှစ်ကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြပြီး သံယုတ္တနိကာယ် သုံးကျမ်းအောင် သုံးပါးတွင် ခုံအမှတ်(ပူရ-၁) အရှင်ဣန္ဒောဘာသ မဟာဂန္ဓာရုံကျောင်းတိုက် အမရပူရမြို့ မန္တလေးတိုင်း၊ ဒုတိယ ခုံအမှတ်(သက-၁)အရှင်ကုမာရ တိပိဋကာလင်္ကာရ ပရိယတ္တိစာသင်တိုက် သာကေတမြို့နယ် ရန်ကုန်တိုင်းနှင့် တတိယခုံအမှတ် (ရက-၁)အရှင်တေဇဝန္တ ပဋ္ဌနိကာယ သာသနဗိမာန်ကျောင်းတိုက် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းတို့ဖြစ်ကြသည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းတွင် သုံးကျမ်းအောင် ၅၅ပါး၊ နှစ်ကျမ်းအောင် ၃၄ပါး၊ တစ်ကျမ်းအောင် ၂၉ပါးတို့ဖြစ်ကြပြီး အင်္ဂုတ္တရနိကာယ် သုံးကျမ်းအောင် ၅၅ပါးတွင် ပထမခုံအမှတ်(ဗဟ-၅) ရှင်ဇာနေယျ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယခုံအမှတ် (တက-၉) အရှင်ဝိသုဒ္ဓါလင်္ကာရ နိကာယမဥ္ဇူကျောင်း သိမ်တောင်ကျောင်းတိုက် တောင်ကြီးမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တတိယ ခုံအမှတ် (မန်း/အမဇ-၇) ရှင်ဝံသပါလ အောင်ချမ်းသာကျောင်း စလင်းတိုက် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းတို့ ဖြစ်ကြသည်။

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက)သုတ် ငါးကျမ်းတွင် လေးကျမ်းအောင်နှစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

အုပ်စု(၇)ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက)သုတ် ငါးကျမ်းတွင် ငါးကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

အုပ်စု(၈)ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)ပထမပိုင်း (၂)ကျမ်းတွင် နှစ်ကျမ်းအောင်သုံးပါး၊ တစ်ကျမ်းအောင် ခြောက်ပါးတို့ဖြစ်ကြသည်။

အုပ်စု(၁)ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း)တွင် နှစ်ကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင်နှစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု(၈)ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဘိဓမ္မာ အဋ္ဌကထာ(မဟာဝိဒူတန်း)တွင် နှစ်ကျမ်းအောင် တစ်ပါး ဖြစ်သည်။

(၁၁)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် အုပ်စု(၉)ခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူ ပေါင်းမှာ ၁၇၃၂ပါးဖြစ်သည်။

အောင်စာရင်းအပြည့်အစုံကို နိကာယ်စာမေးပွဲ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယက အဖွဲ့များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြသည်။ (သတင်းစဉ်)

ပညာသင်ဆု စာမေးပွဲနှင့် ပညာသင်ဆုအကြောင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

MIEC/PMC Group သည် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတကာပညာသင်ကြားနိုင်ရေးနှင့်ဆက်သွယ်မှုရှိရန် ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် အင်္ဂလိပ်စာ အရည်အသွေးတိုးတက်ရန် MIEC မှ လစဉ်သင်တန်းများဖွင့်လှစ်ပြီး ဝါရင့်အင်္ဂလိပ်စာ ဆရာ၊ ဆရာမများနှင့် သင်ကြားပေးလျက်ရှိသည်။

MIEC/PMC Group ၏ အစီအစဉ်တစ်ခုဖြစ်သည့် စင်ကာပူနိုင်ငံရှိ Nanyang Institute of Management ကျောင်း၏ Scholarship Programmes အစီအစဉ်ကို Grand Plaza Hotel ၌ ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဖြေဆိုခွင့်နှင့် ဟောပြောပွဲတက်ရောက်ခွင့်လက်မှတ်များကို အခမဲ့ ကြိုတင်ထုတ်ပေးမည်ဖြစ်၍ အသေးစိတ်အချက်အလက်များကို MIEC/PMC Group အိုလံပစ်တာဝါ၊ အခန်း ၀၁၊ ၁၂ထပ် ဗိုလ်အောင်ကျော်လမ်း၊ ဖုန်း- ၂၄၃၁၆၁ နှင့် ၂၅၆၆၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

တောင်သူများ တွက်ခြေကိုက် အထွက်တိုးမည့် သဘာဝဆပ္ပွားမြေဩဇာ ထုတ်လုပ်မှုလုပ်ငန်း

သတင်းဆောင်းပါး-အောင်နိုင်ဦးနှင့်ရွှေတင်အုန်း၊ ဓာတ်ပုံမှတ်တမ်း-ငွေးအောင်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၀

စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံအတွက် အခြေခံအကျဆုံး၊ အလားအလာအရှိဆုံးနှင့် အခိုင်မာဆုံး စီးပွားရေးမဏ္ဍိုင်တစ်ရပ်ဖြစ်သည်။ မြန်မာ့ရေမြေ သဘာဝရာသီဥတုသည် စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းစေရန် အခြေခံကောင်းများကို ဖန်တီးပေးထားသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားပြည်သူအများစုကြီးသည်လည်း စိုက်ပျိုးရေးကိုသာ ပင်မစီးပွားရေးလုပ်ငန်းအဖြစ် ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။

ထို့ကြောင့် ဧရာဝတီတိုင်းသည် ပြည်နယ်၊ တိုင်းများအနက် နိုင်ငံတော်အတွက် စိုက်ပျိုးရေးတွင် အားအထားရဆုံး တိုင်းတစ်တိုင်းဖြစ်သည်။ စပါးစိုက်ပျိုးရာ၌ နိုင်ငံတော်တစ်ရပ်လုံး၏ စပါးစိုက်ပျိုးမှု လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးပေးနေသော နယ်မြေဒေသလည်းဖြစ်သည်။ အကောင်းဆုံးမြေဆီလွှာ အမျိုးအစားကို ပိုင်ဆိုင်ထားသည့်အတွက် လယ်ယာကုန်ထုတ်လုပ်မှု တိုးမြှင့်ရန် အခြေခံတည်ရှိလျက်ရှိသည့် တိုင်းတစ်တိုင်းဖြစ်သည်။



မရှိမဖြစ်

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတွင် မရှိမဖြစ် ဓာတ်မြေဩဇာ ပါဝင်အသုံးပြုမှုသည်လည်း အရေးကြီးသော အထောက်အကူပြုကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စပါးစိုက်ပျိုးရာတွင် အသုံးပြုသည့် ယူရီးယားဓာတ်မြေဩဇာသည် နိုင်ငံခြားမှ မှာယူတင်သွင်းရသည်။ နိုင်ငံခြားငွေဖြင့် ပေးချေရသည်။ စပါးတစ်ဧကစိုက်လျှင် ယူရီးယားဓာတ်မြေဩဇာ နှစ်အိတ် အသုံးပြုရသည့်အတွက် တောင်သူလယ်သမားများအတွက် စရိတ်မြင့်၍

သဘာဝဆပ္ပွားမြေဩဇာထုတ်လုပ်ရန်အတွက် ရေ ၄၇ဒသမ၅လီတာ၊ အီးအမ်(မ်) ဒသမ ၅ လီတာနှင့် တင်လဲ ၂ဒသမ ၀ လီတာတို့ရောနှောပြီး သတ်မှတ်ထားသည့် ပလတ်စတစ်ပုံးတွင် ထည့်၍ အဖုံးလုံအောင် ပိတ်ထားသည်ကို ဤသို့ တွေ့ရသည်။ (သုံးရက်နှင့် လေးရက်ကြာ အဝါရောင်သန်းလာမှ အဖုံးဖွင့်အသုံးပြုရသည်။)

[ဓာတ်ပုံမှတ်တမ်း- ငွေးအောင်(ကြေးမုံ)]



တွက်ခြေမကိုက်ဟု သိရသည်။ ယခုနှစ် စပါးစိုက်ရာသီတွင် ယူရီးယားဓာတ်မြေဩဇာလျှော့၍ တောင်သူလယ်သမားများ အသုံးပြုသည်ဟု သိရသည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များကလည်း ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ၊ ခေတ်မီ စိုက်ပျိုးရေးနည်းစနစ်များ တီထွင်ထုတ်လုပ်မှုများ ပေါ်ပေါက်လာပြီဖြစ်သဖြင့် ယခုနှစ် စပါးစိုက်ရာသီတွင် တောင်သူလယ်သမားများသည် ယူရီးယားဓာတ်မြေဩဇာကို လျှော့ချသုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။

အထောက်အကူပြု

စိုက်ပျိုးရေးပညာရှင်များသည် ဓာတ်မြေဩဇာအမျိုးမျိုး၊ သဘာဝမြေဩဇာ အမျိုးမျိုးကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ အမည်အမျိုးမျိုးဖြင့်ထုတ်လုပ်ကာ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် တစ်နည်းတစ်ဖုံ အထောက်အကူဖြစ်စေရန်အတွက် ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့မြေဩဇာထုတ်လုပ်ရာတွင်အနောက်တောင်တိုင်း စစ်ဌာနချုပ် **ထန်းတရာ မွေးမြူရေးစခန်း** အတွင်းမှ တိုင်းကြက်၊ ဝက်မွေးမြူရေးတာဝန်ခံ ဗိုလ်ကြီးကျော်ဇေယျ၏ "သဘာဝ ဆပ္ပွားမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်း"သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ကို သိရှိရသဖြင့် ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် ဦးစီးအရာရှိ ဒုတိယတန်း(စစ်ထောက်) ဗိုလ်မှူးစိုးဝင်း လိုက်ပါလျက် ကြေးမုံသတင်းအဖွဲ့သည် "သဘာဝဆပ္ပွားမြေဩဇာ ထုတ်လုပ်မှုလုပ်ငန်း" ကို သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

တာဝန်ခံ ဗိုလ်ကြီးကျော်ဇေယျက "အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်မှုကို ခံယူ၍ သဘာဝဆပ္ပွားမြေဩဇာ ထုတ်လုပ်ရာတွင် ရှေးဦးစွာ တင်လဲရည် ၂ ဒသမ ၀ လီတာ၊ အီးအမ်(မ်) ဒသမ ၅ လီတာနှင့် ရေ ၄၇ ဒသမ ၅ လီတာတို့ ရောနှောစပ်ပြီး သတ်မှတ်ထားတဲ့ ပလတ်စတစ်ပုံးမှာထည့်ပြီး သုံးရက်ကြာလုံအောင်ပိတ်ထားရပါတယ်။ သုံးရက်ကြာရင် အဝါရောင်သန်းလာပြီး လေးရက်မြောက်တွင် ဝက်ချေးတစ်တောင်းခွဲ၊ မြေဆွေးတစ်တောင်းခွဲနှင့် စပ်ဖွဲပြာတစ်တောင်းခွဲတို့ ဆတူ ရောစပ် ပြီးလျှင် သဘာဝဆပ္ပွားမြေဩဇာ ရရှိပါတယ်။ စပါးစိုက်ပျိုးရာတွင် စပါးပင်များ ဖြစ်ထွန်းအောင်မြင်စေ

စနစ်တကျသိုလှောင်

ရေ ၄၇ဒသမ၅လီတာ၊ အီးအမ်(မ်) ဒသမ ၅ လီတာနှင့် တင်လဲ ၂ဒသမ ၀လီတာတို့မှ သုံးရက်နှင့် လေးရက်ကြာ အဝါရောင်သန်းလာသော ရေကို ဝက်ချေးတစ်တောင်းခွဲ၊ စပ်ဖွဲပြာတစ်တောင်းခွဲနှင့် မြေဆွေး တစ်တောင်းခွဲတို့ နှံ့စပ်အောင် ရောနှောမှုမှ ဖြစ်ပေါ်လာသော သဘာဝဆပ္ပွားမြေဩဇာများ စနစ်တကျ သိုလှောင်ထားသည်ကို ဤသို့ တွေ့ရသည်။ [ဓာတ်ပုံမှတ်တမ်း-ငွေးအောင်(ကြေးမုံ)]

ရေးအတွက် သုံးစွဲမှုနည်းစနစ်မှာ သဘာဝဆပ္ပွားမြေဩဇာ တစ်အိတ်ကို ရွှေမေတ္တာ ဇီဝဓာတ်မြေဩဇာ လေးထုပ် ရောနှောပြီး သုံးရပါတယ်။ ထို့ပြင် ယူရီးယားဓာတ်မြေဩဇာ သုံးပုံတစ်ပုံထည့်ရပါမယ်။ စပါးကောက်လှန်ချိန်တွင်တစ်ကြိမ်၊ ပန်းပွင့်ချိန်တွင် တစ်ကြိမ်၊ နို့ရည်ခဲချိန်တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ပက်ဖျန်းပေးရပါမယ်။ သို့မှသာ စပါး ပင်များရှင်သန်ဖွံ့ဖြိုးအောင်မြင် ဖြစ်ထွန်းလာမှာဖြစ်ပါတယ်"ဟု ကြေးမုံသတင်းအဖွဲ့သို့ ရှင်းလင်းပြောကြားသည်။

ထိုသို့ သဘာဝဆပ္ပွား မြေဩဇာများ သတ်မှတ်နည်းစနစ်အတိုင်း အသုံးပြု၍ ရောနှောနှံ့စပ်စေပြီး မနောသုခ စပါးစိုက်ခင်းတွင် ကြဲပက်ထည့်သွင်း အသုံးပြုထားရာ စပါးပင်များ ရှင်သန်ဖွံ့ဖြိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။

ထို့ကြောင့် အဆိုပါ **သဘာဝဆပ္ပွားမြေဩဇာ** အသုံးပြုနည်း စနစ်များကို တောင်သူလယ်သမားများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ပညာပေးဟောပြောခြင်း၊ အသိပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း စသည့် လက်တွေ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် တောင်သူ လယ်သမားများ လက်တွေ့အသုံးပြုနည်းစနစ်များ သဘောပေါက် သိရှိလာသည့်အလျောက် စိုက်ပျိုးရေးလုပ်ငန်းသည်လည်း ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်မြင်လာမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။ **(ကြေးမုံ)**

ဩဂုတ် ၁ရက်က သဲကုန်းမြို့နယ် အတွင်းရှိ သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဆင်မြီးဆွဲ ပြည်သူ့ဆေးရုံ များအတွက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ မထေရ် မြတ်လျှာဒါန်းလိုသော လေအေးပေးစက်နှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ တန်ဖိုး ကျပ်ငါးသိန်းခန့်ကို တပည့် ဒါယကာဖြစ်သော ဦးစွန်တိတ်-ဒေါ်အလွမ်း (တော်ဝင်အထူးကုဆေးခန်း)နှင့် သားဖြစ်သူ ဒေါက်တာ မြတ်သူ-ဒေါက်တာခင်ချိုဦး (အာရှတော်ဝင် အထူးကုဆေးခန်း) မိသားစုတို့က ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အီလက်ထရွန်းနစ် သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

တိုင်းအီလက်ထရွန်းနစ်သင်တန်းမှ TV, VCR, VCD, CD, ရေဒီယို၊ ကက်ဆက် အခြေခံအီလက်ထရွန်းနစ်စက်ပြင်သင်တန်းနှင့် Satellite Receiver တပ်ဆင်ခြင်း သင်တန်းများကို သင်တန်းမှူးဆရာကြီး ဦးမောင်မောင်တင် ဦးစီး၍ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။

စိတ်ပါဝင်စားသူများသည် တိုင်းအီလက်ထရွန်းနစ်သင်တန်း အမှတ် ၇၀၊ အင်းစိန်လမ်းမ၊ (၉)ရပ်ကွက်၊ ဘူတာရုံမှတ်တိုင်နှင့်သုခမှတ်တိုင်ကြား လှိုင်မြို့နယ် ရန်ကုန် ဖုန်း-၅၃၅၁၅၁နှင့် ၀၉၈၀ ၃၄၅၄၉တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဩဂုတ် ၁၀ရက်က မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်းနှင့်အဖွဲ့ဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များ၏ မော်တော်ယာဉ်များအားစစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက ၂၀၀၃ ခုနှစ်အတွက် (၁၄)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည် ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံ ပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာအထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု"ဖြစ်သည်။ ပြိုင်ပွဲဝင်ရာတွင် Digital Camera ဖြင့် ရိုက်ကူးသောပုံများကို လက်ခံမည်မဟုတ်ပါ။

ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၃ ခုနှစ် ဩဂုတ် ၃၁ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်းတွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၁၀

တာမွေမြို့နယ် မအူကုန်း(စံပြ) ရပ်ကွက်၌ မြို့နယ်ပြန်/ဆက်ဦးစီးဌာနနှင့် ရပ်ကွက်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ အရှေ့ပိုင်းခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိဦးသောင်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဒေါ်ညွန့်ညွန့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (က-ပ)



အိန္ဒိယသံရုံး၊ ရန်ကုန်မြို့
ဖိတ်ကြားချက်

အိန္ဒိယနိုင်ငံ၏ (၅၆)ကြိမ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် အမှတ်(၅၄၅-၅၄၇) ကုန်သည်လမ်း ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံး၌ ၂၀၀၃ခုနှစ် ဩဂုတ်လ ၁၅ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတိတိတွင် ပြုလုပ်မည့်အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာရာဂျစ်၊ ကူးမား၊ ဗာတီးယားသည် အိန္ဒိယနိုင်ငံတော်အလံကို လွှင့်တင်မည်ဖြစ်ပါသည်။ အိန္ဒိယအမျိုးသားများ အားလုံးနှင့် အိန္ဒိယနိုင်ငံ၏ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အခမ်းအနားသို့ တက်ရောက်ကြပါရန် လှိုက်လှဲပျူငှာစွာ ဖိတ်ကြားအပ်ပါသည်။

ACE Data Systems
ကွန်ပျူတာ သင်တန်းများ
Certificate in Software Engineering Level (1)
- Computer Systems
- C Programming
- Java Programming

Managed by BizSoft
၃၈လမ်းပလာဇာ (ဒုတိယထပ်)၊
ဆိပ်ကမ်းသာလမ်း (အထက်ဘလောက်)၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၄၈၂၄၊ ၄၄၆၆၆၅၁

ငွေစင်ဦးစာပေမှ စီစဉ်သည်။
ဝေမှူးသွင်
ဝတ်မှုန်ကူးတဲ့ကြယ်
(လုံးချင်းဝတ္ထုသစ်)
ဖြန့်ချိရေး - ရွှေအိမ်မှူးစာပေ ဖုန်း-၃၇၈၅၁၂

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကျောင်းသား/သူများအတွက်
ကွန်ပျူတာ အခြေခံသင်တန်း
ကွန်ပျူတာ စာရင်းကိုင်သင်တန်း
ကွန်ပျူတာ စက်ပြင်နည်းသင်တန်း
ကွန်ပျူတာ ပရိုဂရမ်ရေးနည်းသင်တန်း
အသက် (၄)နှစ်အရွယ်မှစ၍ ကလေး ကွန်ပျူတာသင်တန်းများလည်း လက်ခံပြီ။
(အစိုးရဝန်ထမ်းများအတွက် အထူးအခွင့်အရေး ၂၀% လျှော့ပေးပါမည်။)
PEACE GLOBAL COMPUTER

FAME NEEM SKIN CREAM (တမာအရေပြားလိမ်းဆေး)
GMP & ISO 9001:2000
Neem Skin Cream (တမာအရေပြားလိမ်းဆေး)
Azadirachtin, Azadiradione, Tannin
FAME Pharmaceuticals
(Germany) (France) (Switzerland) (China) (Myanmar)

ရွှေဟသာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် နှစ်(၁၀၀)ပြည့် ဗိမာန်တော်ကြီး တည်ဆောက် ကုသိုလ်ယူနိုင်ရေး ပါဝင်လှူဒါန်းနိုင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–မောင်နေလင်း (ညောင်တုန်း ပြန်/ဆက်)

* **ပစ္စည်းနှင့်အင်္ဂါ ခြေ၊လက်တစ်ခုခု အန္တရာယ်တွေ့လျှင် အင်္ဂါခြေ၊ လက်အထိမခံနှင့်ပစ္စည်းအပျက်ခံ။**
* **အင်္ဂါခြေ၊လက်နှင့် အသက်တစ်ခုခု အန္တရာယ်တွေ့လျှင် အသက်မထိမခံနှင့် အင်္ဂါခြေ၊လက်အပျက်ခံ။**
* **အသက်နှင့်သီလ တစ်ခုခု အန္တရာယ်တွေ့လျှင် သီလ အထိမခံနှင့် အသက်အပျက်ခံ။**

ဤသည်မှာ ညောင်တုန်းမြို့ ရွှေဟသာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးကို ၁၂၆၂ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်(လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်)က စတင်တည်ထောင်တော်မူခဲ့သော ပဲခူးတောရဘုန်းတော်ကြီး ဦးသီလ၏ ဩဝါဒပင်တည်း။

ဆရာတော်ဦးသီလသည် ပရိယတ်၊ ပဋိပတ်နှစ်ရပ် စွယ်စုံရပုဂ္ဂိုလ်၊ ကျောင်းကန်ဖြင့်အမြဲမနေ၊ တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက်၊ တစ်တောင်ဆင်း ဆရာတော်တစ်ပါးဖြစ်ပါသည်။

ပဲခူးတောရဘုန်းတော်ကြီးဦးသီလ၊ရန်ကုန်ကျောင်းတော်ရာဆရာတော်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ မြန်အောင်ဂူကိုးလုံး ဆရာတော်၊ ပုသိမ်သင်္ဘောကျင်းတောရဆရာတော်၊ မြေနီကုန်း ဆရာတော်ဦးအာစာရစသော ဆရာတော်ကြီးခြောက်ပါးအပါအဝင် သံဃာတော် ၅၅ ပါးတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က ညောင်တုန်းမြို့သို့ သာသနာပြုခရီးကြွတော်မူကြပြီး ရွှေဟသာတောရကျောင်းတိုက်အတွင်း သီလဝိသောဓနီ သိမ်တော်ကြီးကို သမုတ်တော်မူကာ သီရိမဟာ မင်္ဂလာရာမ ရွှေဟသာတောရတိုက်တော်ကြီးကို စတင်တည်ထောင်တော်မူခဲ့ကြပါသည်။ ထိုဆရာတော်ကြီးခြောက်ပါးတွင် ဘုန်းတော်ကြီးဦးသီလမှာ ပဓာနဖြစ်တော်မူ၍ ကျောင်းတိုက်အတွင်း ၁၀ ရက်မျှ သီတင်းသုံးနေထိုင်တော်မူပြီး ကျောင်းတိုက်တာဝန်ကို ရန်ကုန်ကျောင်းတော်ရာဆရာတော်ကြီးအား အပ်နှင်းတော်မူကာ ပြန်ကြွတော်မူခဲ့သည်။

ရွှေဟသာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်၏အစအဦးဆုံး တိုက်တည်ဆရာတော်မှာပဲခူးတောရဘုန်းတော်ကြီးဦးသီလ ဖြစ်ပါသည်။ အစအဦးဆုံး တိုက်ပိုင်ဆရာတော်မှာ ရန်ကုန်ကျောင်းတော်ရာ ဆရာတော်ကြီး ဖြစ်ပါသည်။

ဘွဲ့တံဆိပ်တော်ဆက်ကပ်

ကျောင်းတော်ရာ ရွှေကျင်တိုက်ဆရာတော် ဦးသာသနအား မင်းတုန်းမင်းကြီး၏မိဖုရားကြီးက ရှင်ပြုပေးခဲ့ပါသည်။ မင်းတုန်းမင်း၏ သမီးတော်က ရဟန်းဘောင်တင်ပေးကာ မင်းတုန်းမင်းကြီးက ကျောင်းတော်ရာ ရွှေကျင်တိုက်အမည်ဖြင့် ရန်ကုန်အလယ် ဗဟန်းရပ်ကွက်တွင် ကျောင်းတိုက်ကြီးတစ်ခု တည်ဆောက်လှူဒါန်းခဲ့ပါသည်။ ဆရာတော်အား သားတော်သီပေါမင်းက **သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု** ဘွဲ့တံဆိပ်တော်ဆက်ကပ်တော်မူခဲ့ပါသည်။

အထက်ပါ ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာဆရာတော်ကြီးကိုယ်တိုင် ကျောင်းတော်ရာ ရွှေကျင်တိုက်မှ တပည့်စာချ၊ စာသင်သံဃာအပါး ၂၀နှင့်အတူ ရန်ကုန်မြို့မှ မီးသင်္ဘောကြီးဖြင့် ခမ်းခမ်းနားနား ကြွရောက်တော်မူကြကာ ယင်းနေရာ၌ သီတင်းသုံးတော်မူခဲ့ကြပါသည်။

တောရ ဆရာတော်ကြီးများကိုယ်တိုင် တည်ထောင်သီတင်းသုံးတော်မူကြသဖြင့် တောရတိုက်ဟုခေါ်တွင်လာကြသည်။

နောင်မကြာမီ တောရဘုန်းတော်ကြီး ဦးသီလ သီတင်းသုံးသွားသော ဂူကျောင်းကလေး၏ရှေ့ ယခုရွှေဟသာတောရကျောင်းနေရာ ကုန်းကြောကလေးပေါ်သို့ ဟင်္သာငှက်များ လာနားကြကာ အော်ကြ၊ ပျော်ကြ၊ ခုန်ကြ၊ ပြေးလွှားမြူးထူးနေကြပုံကို တစ်မြို့လုံး သတင်းပျံ့နှံ့သွားကာ ရွှေဟင်္သာကုန်း၊ ရွှေဟင်္သာကျောင်းဟု ခေါ်တွင်လာကြခြင်းဖြစ်ပါသည်။

ဤသည်မှာ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး စတင်ပေါ်ထွန်းလာပုံအကြောင်းများပင်ဖြစ်ပါသည်။

ကျောင်းတော်ရာဆရာတော်ကြီးသည် ရွှေဟင်္သာတောရတွင် (၁၀) နှစ် (၁၀) ဝါ သီတင်းသုံးတော်မူပြီး ရွှေဟင်္သာတောရတိုက်ကြီးကို သိက္ခာ(၁၈)ဝါရ တိုက်အုပ်ဆရာတော် ဦးဝါယမအား လွှဲအပ်တော်မူခဲ့ပါသည်။

အစဉ်အဆက်ဆရာတော်များ

* ပထမ စံကျောင်းဆရာတော် ဦးဝါယမ၊
* ဒုတိယ စံကျောင်းဆရာတော် ဦးကလျာဏ၊
* တတိယ စံကျောင်းဆရာတော် ဦးဇာဂရ၊
* စတုတ္ထ စံကျောင်းဆရာတော် ဦးဝိမလ၊
* ပဉ္စမ စံကျောင်းဆရာတော် ဦးဉာဏဝံသ၊
* ဆဋ္ဌမ စံကျောင်းဆရာတော် ဦးပညာသာမိ၊

ပန္နက်တင်

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် နှစ် (၁၀၀) ပြည့် ရာပြည့် ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းကြီး၊ အတွင်းရေးမှူး ဦးသိန်းနှင့် အဖွဲ့ဝင်များက ပန္နက်တင်ခဲ့ကြစဉ်။

ဓာတ်ပုံ–မောင်နေလင်း(ညောင်တုန်းပြန်/ဆက်)

နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း ဘုန်းတော်ကြီး ဦးသီလ၏ လွှဲအပ်ချက်အရ ကျောင်းတော်ရာ ဆရာတော်အမှူးထားလျက် တိုက်ပိုင်ဆရာတော် ခုနစ်ဆက်၊ တိုက်အုပ်ဆရာတော် ခုနစ်ဆက်၊ တိုက်ကြပ်ဆရာတော် ၁၂ ပါးစသော စာချဆရာမြတ် အစဉ်အဆက်တို့သည် ပရိယတ္တိသာသနာတော်ကြီးကို ခေတ်ကာလနှင့် လျော်ညီစွာ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဦးဆောင်ဦးရွက်ပျိုးထောင် တော်မူခဲ့ကြပါသည်။ ဆဋ္ဌမ စံကျောင်းဆရာတော် လက်ထက်တွင် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် သာသနာ့ ပူဇော်ပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာကျင်းပကာ နှစ် (၁၀၀) ပြည့် ဗိမာန်တော်ကြီး တည်ဆောက်ရေးကို ဦးတည်ခဲ့ကြသည်။

ရွှေဟင်္သာတောရပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် သာသနာ့ပူဇော်ပွဲကြီးကို ၂၀၀၁ ခုနှစ် မတ်လ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ရာပြည့်မော်ကွန်းတင် စာစောင်နှင့် ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ရာပြည့်ပူဇော်ပွဲမော်ကွန်းတင် မှတ်တမ်းစာအုပ်များကိုလည်း ခံ့ညားသပ်ရပ်စွာ ထုတ်ဝေနိုင်ခဲ့ပါသည်။

ယခုအခါ နှစ်(၁၀၀)ပြည့် သာသနာ့ပူဇော်ပွဲကြီးကျင်းပရန်စတင်စီစဉ်ခဲ့စဉ်က ဦးတည်ခဲ့သော ရာပြည့်ဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးမှ နှစ် ၁၀၀ ကျော်ကာလအတွင်း ထင်ရှားသော ပရိယတ္တိဂုဏ်ဆောင် သာသနာ့ဝန်ထမ်း ရဟန်းအမြောက်အမြား ပေါ်ထွန်းခဲ့ပါသည်။ ထိုမျှမက ရွှေဟင်္သာနွယ်ဝင် ပညာရှင်တို့သည် လောက၊ ဓမ္မ နှစ်ဌာန အကျိုးကျေးဇူးများစေသည့် ကျော်ကြားထင်ရှားသော ကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့ကြပါသည်။

ထိုသို့ ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်မွန်များ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးသော ကျောင်းတိုက်ကြီးနှင့် ထေရ်ဆရာမြတ်တို့၏ အစဉ်အဆက်ဂုဏ်ကျေးဇူးတော်များမှာ လွန်စွာကြီးမားလှပါသည်။

သာသနာ့ကျက်သရေဆောင်

စံကျောင်း ဆရာတော်ကြီးများ လက်ထက်တွင် ရွှေဟင်္သာတောရသည် သာသနိက အဆောက်အအုံများဖြစ်သော ရုပ်ပိုင်း၊ ပရိယတ်၊ ပဋိပတ် စွယ်စုံ ကျင့်သုံးရသော အလုပ်ပိုင်းပါ တိုးတက်အောင်မြင်ခဲ့ပါသည်။ နှစ်ပေါင်း ၁၀၀ကျော်ရှိလာသည့်တိုင် အရှိန်အဟုန်မပျက် တိုးတက်ဆဲပင် ဖြစ်ပါသည်။ နှစ် ၁၀၀ကျော် ရွှေဟင်္သာတောရ သမိုင်းကို ကြည့်ရှုလျှင် ကြည်နူးဖွယ်ရာ၊ ကြည်ညိုဖွယ်ရာ၊ လွမ်းမောဖွယ်ရာများဖြင့် အားရကျေနပ်ဖွယ် ကောင်းလှပါသည်။ ရွှေဟင်္သာတောရသည် သာသနာ့ကျက်သရေကို ရာခိုင်နှုန်းပြည့် စွမ်းဆောင်နိုင်လျက်ရှိပါသည်။

လောကဂုဏ်၊ သာသနာ့ဂုဏ်တို့ဖြင့် မွမ်းထုံလျက်ရှိပါသည်။ ကျမ်းပြုအကျော်ဆရာတော်များ ထွန်းကားခဲ့ပါသည်။

ပါဠိတက္ကသိုလ်

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး။

ဓာတ်ပုံ–မောင်နေလင်း (ညောင်တုန်းပြန်/ဆက်)

အဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော်များ အများအပြား ပေါ်ထွက်ခဲ့ပါသည်။ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယဥပဥက္ကဋ္ဌ ရွှေဟင်္သာတောရ (စတုတ္ထစံကျောင်း) ဆရာတော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်များ ထွန်းကားပေါ်ထွက်ခဲ့ပါ သည်။ ရွှေဟင်္သာတောရတိုက်မှ ကျမ်းပြုစာတတ်အကျော်အမော်ဆရာတော်များသာ ထွန်းကားပေါ်ထွက်ခဲ့သည်မဟုတ်ပေ။ ပဋိပတ္တိလုပ်ငန်းများကို တကယ်တမ်းကြိုးပမ်းအားထုတ်တော်မူကြသော ဆရာတော်များလည်း များပြားလှပါသည်။ ကျိုက္ကမီတိမူကာရုံတောရ၌ တစ်ပါးတည်း ဧကစာရီနေထိုင်၍ ပဋိပတ္တိလုပ်ငန်းများကို သိုသိုသိပ်သိပ် အားထုတ်တော်မူကြသော စည်တီးဆရာတော်၊ ပုဖွာရုံ ဆရာတော်များလည်းပေါ်ထွက်တော်မူခဲ့ကြပါသည်။

စွယ်စုံပုဂ္ဂိုလ်များပေါ်ထွန်း

တောရဆရာတော်ဦးသီလ တည်ထောင်ခဲ့သော ကျောင်းတိုက်ဖြစ်ရာ ပဋိပတ္တိလုပ်ငန်းကို ကြိုးပမ်းအားထုတ်သော အဆက်အနွယ်များလည်း ထွန်းကားပါသည်။ ပရိယတ်၊ ပဋိပတ် စွယ်စုံပုဂ္ဂိုလ်များ ထွန်းကားပေါ်ထွက်ခဲ့သဖြင့် စွယ်စုံထွန်းပေါ်ရာ ရွှေဟင်္သာဟုလည်း ခေါ်ဆိုထိုက်သော ရွှေဟင်္သာတောရတိုက် ဖြစ်ပေသည်။

ယခု စတင်အကောင်အထည်ဖော် တည်ဆောက်နေသော ရာပြည့်ဗိမာန်တော်ကြီးမှာ ဘုရားဆောင်၊ သံဃာစင်၊ ရှေ့မျက်နှာစာအဆောင်တို့နှင့် ကိုယ်ထည်အလျား ၁၆၆ ပေ၊ ကိုယ်ထည်အနံ ၇၂ ပေရှိသော ခံ့ညားထည်ဝါသည့် သာသနာ့အဆောက်အအုံကြီး ဖြစ်ပြီး သိန်း ၁၂၀၀ ကျော် ကုန်ကျမည်ဖြစ်ပါသည်။

နှစ် (၁၀၀) ပြည့် သာသနာ့ပူဇော်ပွဲကြီးကို ဆရာဒကာစုပေါင်းအလှူတော် ငွေကျပ် ၁၆၁သိန်းကျော်ဖြင့် ကျင်းပဆင်နွှဲခဲ့ရာမှ လက်ကျန်ငွေ ၅၁သိန်း၊ ရွှေဟင်္သာတောရ ဗောဓိကျောင်း ဘုန်းတော်ကြီး ဦးယုဂန္ဓရ၏ လှူဒါန်းငွေကျပ်သိန်း ၂၀နှင့်ရွှေဟင်္သာနွယ်ဝင် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများမှ လှူဒါန်းငွေများဖြင့် မတည်၍ စတင်တည်ဆောက်နေပြီဖြစ်ပါသည်။

ခံ့ညားထည်ဝါသောရာပြည့်ဗိမာန်တော်ကြီး အမြန်ဆုံးတည်ဆောက်လျက်ရှိရာ၊ အမြန်ဆုံး အကောင်အထည်ဖော်ပြီးစီးနိုင်ရေးအတွက် ပြည်တွင်းပြည်ပရှိ ရွှေဟင်္သာဝံသ ဆရာတော်များနှင့် ရွှေဟင်္သာတောရ သာသနာတော်ကို မှီခိုအားထားလေးစားကြည်ညိုကြသော ဒါယကာ၊ဒါယိကာမများ၊ အနယ်နယ်ရပ်ရပ်မှ ပါရမီရှင်၊ ကုသိုလ်ရှင်များအနေဖြင့် ဝိုင်းဝန်းအားပေး ကုသိုလ်ယူခြင်းဖြင့် “တစ်ဦးဆောက်သော်မရ၊ တစ်သောင်းဆောက်သော်ရ၏” ဟူသော ဆိုရိုးစကားနှင့်အညီ အများညီညာ ဝိုင်းဝန်းဆောင်ရွက်ပါက ထိုကြီးမားလှသော တာဝန်သည်လည်း မကြာမီသော အချိန်ကာလတွင် အောင်မြင်စွာ ပြီးဆုံးခြင်းသို့ မလွဲမသွေ ရောက်ရှိရမည် ဖြစ်ပါသည်။ မကြာမီသောအချိန်ကာလတွင် ရာပြည့် ဗိမာန်တော်ကြီး ငွားငွားစွင့်စွင့်၊ ထည်ထည်ဝါဝါ၊ ခံ့ခံ့ညားညား ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

တည်ဆောက်ဆဲ ရာပြည့်ဗိမာန်တော်ကြီးမှာ ခံ့ညားထည်ဝါ အောင်မြင်စွာပြီးဆုံးမည်ကိုအလေးအနက်ယုံကြည်မိပါကြောင်းနှင့် အချိန်အခါမီ ကုသိုလ်ယူနိုင်ရေးအတွက် လှူဒါန်းနိုင်ပါကြောင်းတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မိုးစပါး ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ရရှိရေး ပဲခူးတိုင်းတွင် သရုပ်ပြဆွေးနွေးပွဲ ကျင်းပ

ပဲခူး ဩဂုတ် ၇

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းလေးသွယ်မှ ဓာတ်မြေသြဇာနှင့် ဒေသထွက် သဘာဝမြေသြဇာများ ပေါင်းစပ်သုံးစွဲနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်) အထွေထွေမန်နေဂျာ ဒေါက်တာညီညီခေါင်းဆောင်သော စိုက်ပျိုးရေးပညာရှင်အဖွဲ့သည် ဩဂုတ် ၅ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ သရုပ်ပြ ဆွေးနွေးပွဲကျင်းပသည်။

— တက်ရောက် —

အဆိုပါ ဆွေးနွေးပွဲသို့ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေးနှင့် ပဲခူး၊ ဒိုက်ဦးမြို့နယ် ဥက္ကဋ္ဌများ၊ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမောင်နှင့် ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာ၊ ခြိမန်နေဂျာများနှင့် ပဲခူးခရိုင် ရှစ်မြို့နယ်မှ ဝန်ထမ်းများ၊ တောင်သူလယ်သမားများ စုစုပေါင်း အင်အား ၄၀၀ကျော် တက်ရောက်ကြသည်။

— ရှင်းလင်းဆွေးနွေး —

ဆွေးနွေးပွဲတွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာညီညီက စပါးသီးနှံပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ ရရှိရေးအတွက် ဓာတ်မြေသြဇာကို လိုအပ်ချိန်ကျမှ ကျွေးသည့်နည်းစနစ်အား ရှင်းလင်းဆွေးနွေးပြီး ပညာရှင် ဒေါက်တာချိုချိုထွန်းက စပါးစိုက်ပျိုးမြေတွင် ကောက်ရိုးနှင့် သဘာဝမြေသြဇာ ထည့်သွင်းခြင်းဖြင့် သီးနှံအထွက်တိုးစေသည့် နည်းပညာများကို စာတွေ့၊လက်တွေ့ ရှင်းလင်းဆွေးနွေးသည်။

— ပြုလုပ်သုံးစွဲနည်း —

ဆက်လက်၍ ပဲခူးတိုင်း မန်နေဂျာဦးဝင်းမောင်က ပဲခူးတိုင်းအတွင်း မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး အတွက် ဆောင်ရွက်ထားသည့် ဒေသထွက် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ပေါင်းစပ်သုံးစွဲရေး အစီအစဉ်များ၊ ပြုလုပ်သုံးစွဲနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာသူများက ပြခန်းတွင် ပြသထားသည့် စပါးသီးနှံအမျိုးမျိုး၏ အရည်အသွေးနှင့် လက္ခဏာများ၊ စပါးတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများနှင့် ပဲခူးတိုင်း မြေအသုံး ချရေးလုပ်ငန်းများကို လက်တွေ့လေ့လာကြသည်။ **(ဝဲပုံ)** (၁၃၂)

စပါးခင်းများသို့ ငါးမျိုးစိုက်ထည့်ပွဲ မြောင်းမြမြို့နယ် မွေတော်ရှမ်းစုကျေးရွာ၌ ကျင်းပ

မြောင်းမြ ဩဂုတ် ၇

မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသော စပါးခင်းများသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ်၂ရက်က မြောင်းမြမြို့နယ် မွေတော် ရှမ်းစုကျေးရွာအုပ်စုတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြောင်းမြခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အေးက အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးထွန်းလွင်က ကျေးရွာအုပ်စုအသီးသီးမှ ဒေသခံ တောင်သူလယ်သမားများသို့ ငါးမျိုးများကို ပေးအပ်သည်။

ထို့နောက် မြောင်းမြခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အေး ဦးဆောင်၍ တက်ရောက်လာကြသူများက စပါးခင်းများသို့ ငါးမျိုးစုပေါင်း စိုက်ထည့်ကြသည်။ **(အပေါ်ပုံ)**

စပါးခင်းများသို့ ငါးမျိုးစိုက်ထည့်ပွဲတွင် ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးမျိုးကောင်ရေ ၂၂၅၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ (၁၇၆)

သစ်ပင်စိုက်ပွဲတော် တနိုင်းတွင်ကျင်းပ

တနိုင်း ဩဂုတ် ၅

၂၀၀၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၂၉ ရက်က တနိုင်းမြို့ အဝင် လမ်းဘေးဝဲ၊ယာတစ်လျှောက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနေလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် များက ပန်းအလှပင်၊ အရိပ်ရပင်၊သစ်ဆိမ့်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ **(ခရိုင်ပြန်/ဆက်)**

စုပေါင်းကောက်စိုက်

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့ပိုင် တိယာလီကျေးရွာရှိ လယ်မြေ ၁၀ ဧကတွင် မြို့နယ်ရဲတပ်ဖွဲ့ မိသားစုဝင် ကောက်စိုက်အဖွဲ့က ရွှေဝါထွန်းစပါးမျိုး စုပေါင်းကောက်စိုက်ပွဲကို ဩဂုတ် ၂ ရက်က ကျင်းပရာ မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု–ရဲမှူးတင်ဝင်းတို့ ကွင်းဆင်းကြည့်ရှု အားပေးကြစဉ်။ (၃၆၄)

မြို့နယ်သတင်းများ

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ကျောင်းဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပွဲကို ဇူလိုင် ၂၇ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစောမောင်၊ ကျောင်းအုပ်ဆရာကြီး ဦးတင်စိုးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားများက သစ်ပင်စုပေါင်း စိုက်ပျိုးကြစဉ်။ (၃၈၇)

အေအိုင်ဒီအက်စ်ရောဂါ ပညာပေးဟောပြော

တောင်တွင်းကြီး ဩဂုတ် ၃

တောင်တွင်းကြီးမြို့ အဝေးပြေးကားကြီးကွင်း၌ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ်၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မကွေးတိုင်း ကျန်းမာရေး ဦးစီးဌာနမှ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကူးစက်ရောဂါကာကွယ်ရေးနှင့်ကာလသားရောဂါ တိုက်ဖျက်ရေးဇုန် ဆရာဝန်ကြီးဒေါက်တာဉာဏ်ထွန်း ဦးဆောင်၍ ပီအက်စ်အိုင် လူမှုရေးဝန်ဆောင်မှုအဖွဲ့ (မန္တလေး) ဒေါ်တင်တင်နိုင်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာမြသိန်းတို့က ပညာပေး ဟောပြောကြသည်။ (၁၉၆)

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားကာကွယ်ရေးပညာပေး ဟောပြော

မြစ်ကြီးနား ဩဂုတ် ၃

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲများကို ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်ထိ ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ၊ ဝါရှောင်ကျေးရွာ၊ ဝူယန်ကျေးရွာနှင့် မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာများ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့၊ ကြီးကြပ်မှုကော်မတီဝင် ဒေါက်တာမြင့်မြင့်သန်းနှင့် အမှုဆောင်ကော်မတီဝင်များက ပညာပေးဟောပြောကြသည်။ ဆက်လက်၍ သက်ကြီးအဘိုး၊ အဘွား၂၁၆ ဦးကို ဂါရဝပြုကန်တော့ကြကြောင်းသိရသည်။ (ခရိုင်ပြန်/ဆက်)

မိုးညိုမြို့နယ် မိခင်နှင့်ကလေးအသင်း စက်ချုပ်သင်တန်းဆင်း

မိုးညို ဩဂုတ် ၆

မိုးညိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၃)သင်တန်းဆင်းပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ဆွေဆွေဦးခိုင်က သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်သည်။ **(ယာပုံ)** (က–ပ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

ရော်ဘာပစ္စည်းစက်ရုံ၊ လှိုင်စက်ရုံခွဲ

ရွှေဟသာလမ်း၊ ၆ ဒု မိုင်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ထုတ်လုပ်သည်။

တာယာပန်းတင်ရန် အရည်အသွေးပြည့်မီသော တာယာအခွံ (TYRE CASING) များကို အာမခံဆောင်ရွက်ပေးနေပါသည်။

ဈေးကွက်ဖြန့်ချိရေး–

ရွှေဟသာအဆွေတော်(မူလ)တာယာပန်းတင်လုပ်ငန်း

ဖုန်း–၆၆၄၉၇၅။

Opportunity to meet Korean Biz. Partners

The Korea Trade Mission organized by KOTRA will be visiting Myanmar to seek for Partners for the following products.

Artemia cyst for hatching (shrimp), Shrimp Feed, Gas Cutting Torch, Body Shower & Bath Room Accessories, Generator, Optical Frames, Disposable Syringe & Needles, Syringe Making Machinery.

Interested entrepreneurs are cordially invited to register Related items for Individual Discussion **not later than 15 Aug. 2003.** Detailed Items and Catalogues are available to preview.

Date : 20 August 2003 (Wednesday)
Venue : Ball Room, Traders Hotel
Time : Will be provided when register

Commercial Sec. (KOTRA), Korean Embassy

#0902, Sakura Tower, No.339, Bogyoke Aung San Rd., Kyauktada Tsp.
Tel : 255 453 ~6 Fax : 255 457 Email : kotraygn@mptmail.net.mm

သားကြီးကောင်းစည်သူစိုးအတွက် မွေးနေ့ဆုမွန်လွှာ

၁၁–၈–၂၀၀၃ မွေးနေ့မွေးရက် ကျရောက်သော သားကြီး **ကောင်းစည်သူစိုး** ပထမနှစ်(တပ်မတော်ဆေးတက္ကသိုလ်)၏ (၁၇)နှစ်မြောက်မွေးနေ့မှသည် နှစ်(၁၂၀)တိုင်အောင် ကျန်းမာ၊ ချမ်းသာခြင်းတို့နှင့် ပြည့်စုံ၍ သာသနာအကျိုး၊ နိုင်ငံအကျိုးတို့ကို ဆောင်နိုင်တဲ့ သားကောင်းရတနာအဖြစ် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ–––။

ချစ်ဘိုးဘိုး – ဦးတင်ဖေ(ဆည်မြောင်းဌာန)
ချစ်ပါးပါး – ဦးငွေစိုးဦး
(ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ သာစည်မြို့။)
ချစ်မာမီ – ဒေါ်ဝါဝါ B.A(Myanmar)
ချစ်ညီလေး – မောင်ကောင်းနန္ဒစိုး
(III တန်း၊ အမက(၃)၊ သာစည်မြို့။)

ဝေပုလ္လာရာမဆရာတော် ဝိဇာတမွေးနေ့နှင့် သိက္ခာထပ်အလှူတော်မင်္ဂလာ

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၊ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက မဟာသဒ္ဓမ္မဇောတိကဓဇ တိုင်းသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ **ဝေပုလ္လဆရာတော်ကြီး**၏ သက်တော်(၆၀)ပြည့်ဝိဇာတမွေးနေ့နှင့် အကြိမ်(၇၀)မြောက် သိက္ခာထပ် အလှူတော် မင်္ဂလာအခမ်းအနားကို ၁၃၆၅ခုနှစ် ဝါခေါင်လပြည့် ၁၂–၈–၂၀၀၃ (အင်္ဂါနေ့)တွင် ပြည်မြို့၊ ဝေပုလ္လာရာမ ကျောင်းတိုက်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း။

ပူဇော်ပွဲကျင်းပရေးကော်မတီ။

ခုံအားကျဆင်းရောဂါ

Yan Aung

TANDEM
CAR RENTAL
☎ 298472 / 297201
☎ 09-8030239

ကိုးထက်

GRACE TRAINING AND SERVICE CENTRE

18.K.03

☎ 707956

Fork Lift
Wheel Loader

* ဂျင်နရေတာ - 50 KVA – 200 KVA
* Fork Lift - (4 Tons - 7 Tons)
* Crane - (3 Tons - 5 Tons)
* Wheel Loader - (1 Tons - 3 Tons)

☎ - 095008284

ကျော်ဦး
အီရတ်မြစ်ကွင်းကျယ်

MCC

✓ Software Engineer ဖြစ်ချင်သလား ?
✓ Network Engineer ဖြစ်ချင်သလား ?

ICT
Foundation Course

⇨ Software Engineering Course
⇨ Network Engineering Course
⇨ Web Developer Course

Software Engineering & Network Engineering Course

SWEETY HOME

with The Best ~ Gift Promotion အစီအစဉ်

Sweety Home Industry Co., Ltd မှ ထုတ်လုပ်သည့် စပရင်မွေ့ရာများကို ဝယ်ယူသော မိတ်ဆွေများအတွက် တန်ဖိုး ၄၀၀၀/- ရှိ *The Best (Ciliconized)* **ဆီလီကွန်ခေါင်းအုံး** များ လက်ဆောင်ပေးနေပါပြီ။

- ▸▸ စပရင်မွေ့ရာ တစ်ယောက်အိပ် (Single) **တစ်လုံး** ဝယ်ယူလျှင် *The Best (Ciliconized)* **ဆီလီကွန်ခေါင်းအုံး** **တစ်လုံး**
- ▸▸ စပရင်မွေ့ရာ နှစ်ယောက်အိပ် (Double) **တစ်လုံး** ဝယ်ယူလျှင် *The Best (Ciliconized)* **ဆီလီကွန်ခေါင်းအုံး** **နှစ်လုံး**

ရန်ကုန်၊ မန္တလေး လားရှိုးရှိ *Sweety Home* အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ မဂ်လာခန်းဝင်ပစ္စည်းအရောင်းဆိုင်များတွင် (၁၀-၈-၂၀၀၃ မှ (၃၁-၈-၂၀၀၃) ရက်နေ့ထိ **ရက်ပေါင်း (၂၀)** အတွင်းဝယ်ယူကြခြင်းဖြင့် လက်ဆောင်များ ရယူနိုင်ပါသည်။

Yangon Head Office : 01-501622 Mandalay Head Office : 02-34021

TV တွေထဲမှာလဲ ခဏခဏတွေ့ရတယ်

City FM မှာလည်း အမြဲကြားနေရတယ်

မဂ္ဂဇင်းနဲ့ ဂျာနယ်တွေမှာလည်း သူ့အကြောင်းအမြဲပါတယ်

သတင်းစာတွေမှာဆိုလည်း သူ့ကိုခဏခဏတွေ့နေရတယ်

Internet ထဲမှာလဲ သူရှိတယ်

အိုး ... နေရာအနှံ့ပါပဲ ... ဒါပေမဲ့

သူကစူပါမင်းသားမဟုတ်ပါဘူး

ရန်ကုန်လမ်းညွှန် ပါ

အချိန်ကုန်လူပန်းသက်သာဖို့အတွက်

ဘာပဲလိုလို ရန်ကုန်လမ်းညွှန်ထဲမှာရှိတယ်

245358
256285
373254
09-5019832

ကြော်ငြာတွေကိုကြော်ငြာပေးနေတဲ့လမ်းညွှန်စာအုပ်

မြန်မာကျပ်ငွေဖြင့်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
၁။	Bucket Elevator Spares	36 Items	၂၈-၈-၂၀၀၃
၂။	Heavy Equipment Spares	28 Items	၂၈-၈-၂၀၀၃
၃။	Laboratory Equipment Spares	4 Items	၂၈-၈-၂၀၀၃

အမှတ်(၁)စက်မှုဝန်ကြီးဌာနမြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ ရောင်းဝယ်ရေးဌာန၊ အမှတ်(၁၉၂)ကမ္ဘာအေးစေတီလမ်း ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါပုံစံများကိုလာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

(အသေးစိတ်သိရှိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၅၆၆၂၉၅၊ ၅၆၆၂၉၂)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

KMD Advanced Network Engineering Course

- ဤသင်တန်းတွင် Structured Cabling(Fiber, TP, Coaxial) အကြောင်းများ အပြင် Windows 2000 Advanced Server ကို အခြေခံပြီး Back-Office server များအကြောင်း လက်တွေ့ကျကျ သင်ကြားပေးမည် ဖြစ်ပါသည်။
- Network တစ်ခုတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် Network Design and Implementation, Network Management and Security ပိုင်းများ နှင့် Wireless Network တစ်ခု တည်ဆောက်ပုံများကို Practical များနှင့်တကွ Case studies ပိုင်းများပါ သင်ကြားပေးမည် ဖြစ်ပါသည်။

Commencing Date : 13 Aug, 2003 (10:00 to 1:00) Mon to Fri

KMD II-55-57, 1st Fl., Seik Kan Thar St., Ygn. Ph: 249264/ 371855/ 249155

KaraokeVCD များအားတရားမဝင်ကူးယူခြင်းမှ ရာနှုန်းပြည့်ကာကွယ်ပေးနိုင်သောနည်းပညာသစ်

CD Duplicator ဖြင့်အချပ်လိုက် ကူးယူခြင်း၊

Computer ဖြင့် Disk Copy လုပ်ကူးယူခြင်းတို့အပြင်

Track တစ်ခုချင်း Selection လုပ်ရွေးချယ်ကူးယူခြင်းများအားလုံးမှ

ရာနှုန်းပြည့်ကာကွယ်ပေးနိုင်ပါသည်။

Mandalay MICT Park ပွဲ (August 12th-16th) ...

El Dorado DIGITAL MEDIA ...

No. 157/169, C-2, 36th Street, Kyauktada Township, Yangon. Phone : 09 5007520.

ကချင်ပြည်နယ်မှ သိနေဟဆရာ ဦးထိန်ဝင်း၊ ဆရာမ ဒေါ်သန်းသန်းနု

သားသမီးရလိုခြင်းအတွက် ဆေးစီစဉ်ပေးခြင်း၊ မီးယပ်အဖြူဆင်းခြင်း၊ ဓမ္မတာမမှန်ခြင်း၊ သွေးယားဖြစ်ခြင်း၊ အသည်းရောင်အသားဝါ၊ ဆီးချို၊ နှလုံး သွေးကြောကျဉ်း၊ လေးဘက်နာ၊ လေငန်း၊ သွေးတိုး၊ ဆီးကျောက်တည်၊ ကိုယ်ခံအားနည်းခြင်းများကို လက်ခံကုသပေးပါသည်။

၃၀၄၊ ဗိုလ်ဆွန်ပက်လမ်း၊ ဖုန်း-၂၄၃၅၃၃၊ ၅၇၀၂၀၅။
၇၆၂၊ ဖြူဟွန်ဗိုရ်လမ်းမကြီး၊ (၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
အမှတ်(၁၆၄)၊ (၁၉)လမ်း၊ ၈၂ x ၈၃ကြား၊ မန္တလေး။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်း နေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၃၆၅/၃၆၇၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်။
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

အလုပ်ခေါ်ခြင်း (partly illegible)

-Assistant Manager	(Female)	1 Post
- Receptionlist	(Female)	2 Posts
-Cashier	(Female)	2 Posts
-Salesgirl	(Female)	2 Posts
-သန့်ရှင်းရေးဝန်ထမ်း	(")	၂ ဦး

Zawtika Thingan & General Trading

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး မစမ်းစမ်းမော်(T/RGN-၀၀၇၈၆၄) သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လည်း လုံးဝ(လုံးဝ)တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင် ဦးအုန်း
[၁၂/မရက(နိုင်) ၀၈၄၀၃၃]
မိခင် ဒေါ်ခင်သောင်း
[၁၂/မရက(နိုင်) ၀၅၄၃၆၈]

MYANMAR YELLOW PAGES

မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်

Commercial / Industrial / Buying Guide

Another Way To Let Your Fingers Do The Walking !

Free Listing, Free Link

www.myanmaryellowpages.biz

Listed position #1 in Yahoo!, Google, MSN, AOL, Alta Vista - five of the world's most visited "Search Engine".

Contact us:
IMEX (Myanmar) Co., Ltd.
365-367, (2nd Flr.), Bogyoke Aung San St., Pabedan Township, Yangon 11141.

ရန်ကုန်စက်မှုဇုန်စီမံကိန်းတွင်မြေကွက်ဝယ်ယူထားသူများသိသာစေရန်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နေကဗျာကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသောမင်္ဂလာဒုံဥယျာဉ်မြို့တော် ရန်ကုန်စက်မှုဇုန်စီမံကိန်း တွင်ဝယ်ယူထားသော မြေကွက် ပိုင်ရှင်များ အနေဖြင့် ပေးသွင်းရန်ကျန်ရှိသော လက်ကျန်ငွေများကို (၃၁.၈.၂၀၀၃) နေ့နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် ပေးသွင်းရန် ပျက်ကွက်ပါက စာချုပ်အပိုဒ်(၂၂)အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ([illegible])

အမည်ပြောင်းခြင်း

ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာ အထက်တန်းကျောင်းခွဲ နဝမတန်းမှ ဦးရွှေအေး–ဒေါ်ပြုံးတို့၏ သမီး မရင်ရင်မာအား မရင်ရင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မရင်ရင်အောင်။**

အမည်ပြောင်းခြင်း

မိုင်းတုံမြို့ မြို့မရပ်နေ ဦးမြင့်မောင်–ဒေါ်တင်ငွေးမြင့်တို့၏သမီး မသင်းစံပယ်မြင့် [၁၃/မတန(နိုင်) ၀၀၈၀၈၅]အား မဟိန်းသန္တာဟု ပြောင်းလဲခေါ်ပါရန်။ **မဟိန်းသန္တာ။**

ဘုရား၊ကျောင်း၊ရဟန်းအမကြီး

ဒေါ်ချစ်ပုံ (၈၁)နှစ်

(ဟင်္သာတမြို့/နိဗ္ဗာန်ရွာ)

ဟင်္သာတမြို့နယ်၊ မရမ်းချုံကျေးရွာနေ (ဦးမောင်ကြီး–ဒေါ်မယ်သီ)တို့၏ သမီး၊ ဦးသန်းစိန်၏ ဇနီး၊ (ဦးအေးညွှန့်) ဦးသိန်း(ဦးချစ်ဆွေ)တို့၏ ညီမ/အစ်မ၊ ဦးအေးသွင်–ဒေါ်သန်းသန်းနု၊ ဦးမောင်မောင်–ဒေါ်ခင်နှင်းဝေ၊ ဒေါ်ရီရီမြင့်–တကက/စရ စိုးမောင်၊ ဒေါ်မွှေးကြူကြူ–တကက/စရအောင်မြင့်၊ ဦးခင်မောင်ဆွေ–ဒေါ်စန်းနွဲ့၊ ဒေါ်တင့်ဆန်းဝေ–ဗိုလ်မှူးမျိုးဝင်းတို့၏ မိခင်၊ မြေး၂၇ယောက်၊ မြစ် ကိုးယောက်တို့၏ အဘွားသည် ၉–၈–၂၀၀၃ရက်တွင် တိုက်(၂၁၄) အခန်း(၁၀)၊ ဘောက်ထော်နေအိမ်၌ ကွယ်လွန်ပါ၍ ၁၁–၈–၂၀၀၃ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်မည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း အသက်(၆၀)

SAE

မကွေးလေယာဉ်ကွင်း စီမံကိန်း

(ဦးခင်မောင် – ဒေါ်ဖွားမေ)တို့၏ သား၊ ဦးကံ–ဒေါ်အေးကြင်တို့၏ သားသမက်၊ ဒေါ်တင်ရွှေ၊ ဒေါ်တင်ငွေ၊ ဦးထွန်းဝင်းတို့၏ ညီ/မောင်၊ ဦးတင်စိန်–ဒေါ်စန်း၊ ဦးဝင်းဆွေ–ဒေါ်ခင်ဝေ၊ ဒေါ်ညိုညိုမြင့်၊ ဦးဝင်းနိုင်တို့၏ အစ်ကို၊ မအေးသီတာ၊ မောင်သန့်ဇင်ထွန်း–မဝါဝါတင်၊ မောင်စိုးလင်းထွန်း၊ မအိမျိုးခင်တို့၏ ဖခင်၊ (ဒေါ်ခင်လေး)၏ ခင်ပွန်းသည် ၁၀–၈–၂၀၀၃ ရက် မွန်းလွဲ ၂နာရီတွင် အမှတ်(၅၅၄)၊ ဇေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းနေအိမ်၌ ကွယ်လွန်ပါ၍ ၁၂–၈–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မမြင့်မြင့်စန်း(ခ)ငယ်ငယ် အသက်(၃၄)နှစ်

Adventure Myanmar Travels & Tours Co.,Ltd

ရန်ကုန်မြို့၊ အမှတ်(၃၂)၊ မြယာကုန်းလမ်း၊ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးစန်းတင့်အောင်–ဒေါ်မြင့်မြင့်တို့၏ သမီး၊ ဦးရဲမြင့်သူ–ဒေါ်သီသီဝင်းတို့၏ ညီမ၊ မောင်ခိုင်ဝင်းသိန်း၏ အစ်မ၊ မဇင်သူဇာဝင်းတို့၏ အဒေါ် မမြင့်မြင့်စန်း(ခ)ငယ်ငယ်သည် ၉–၈–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအောင်ဇော်တင့်(၃၃)နှစ်

မြို့ပြမြေယာဌာန၊ မြို့တော်စည်ပင်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၀၉၇)၊ (၈/၃၂)နေ ဦးတင်ရိုန်–ဒေါ်ကြည်ဝင်းတို့၏ သား၊ ဦးဗိုလ်ရွှေ (မြို့ပြမြေယာဌာန) – ဒေါ်တင်စန်း၊ ဦးမြင့်ဇော်(ဗဟိုဘဏ်)–ဒေါ်စမ်းစမ်းထွေး (အမက–၈၊ တာမွေ)တို့၏ တူ၊ ဦးအောင်ဇော်မြင့်(မြေယာဌာန)–မဥမ္မာသိန်း၊ မဆွေဆွေလှဲ့(မဇဘ၊ ကမာရွတ်ဘဏ်ခွဲ)–ကိုမောင်နိုင်(အိုးအိမ်)တို့၏ အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ ဦးလေးသည် ၁၀–၈–၂၀၀၃ ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၂–၈–၂၀၀၃(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ငြိမ်း (၉၄)နှစ်

(ထားဝယ်၊ ရင်ဲ)

တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ ရင်ဲရွာနေ (ဦးရွှေလင်–ဒေါ်မေ)တို့၏ သမီး၊ ဦးကျင်မောင်– (ဒေါ်သန်းသန်း)၊ ဦးကြည်ဌမ်–ဒေါ်မြင့်သိန်း၊ ဦးအောင်သိန်း–ဒေါ်လှကြည်၊ ဦးညွန့်မောင်–ဒေါ်ဖွားစိန်တို့၏ မိခင်၊ မြေး ၁၈ယောက်တို့၏အဘွား၊ မြစ်၁၂ယောက်တို့၏ အဘွား၊ (ဦးဘစိန်)၏ ချစ်လှစွာသော ဇနီးသည် ၁၀–၈–၂၀၀၃(တနင်္ဂနွေနေ့) ညနေ ၃:၃၀နာရီတွင် မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၂၅) ဦးကျင်မောင်၏ နေအိမ်၌ ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ ညနေ ၃နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးမောင်ကို(ငြိမ်း)

မော်ကွန်းဝင် တတိယဆင့်

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၁) ဖြတ်လမ်း၊ အမှတ်(၈)နေ ဦးရွှေသီး–ဒေါ်အုန်းကြည်၊ ဗိုလ်မှူးစိုးပိုင်–ဒေါ်မီးမီးတို့၏ သားကြီး၊ မောင်တင်ငွေး(ချစ်စရာဟိုတယ်)၊ မောင်သိန်းငွေး(Happy WorldII)၊ မောင်မျိုးအောင်တို့၏ အဘိုးသည် ၁၀–၈–၂၀၀၃ရက် နံနက် ၇ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဆေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းညွန့်(ခ)ဦးဆင့်ဉာဏ် အသက်(၇၇)နှစ်

တင့်ဆန်းပရိဘောဂ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အမှတ်(၅၇)၊ အထက်ကြည့်မြင်တိုင်လမ်းနေ (ဦးချို–ဒေါ်မြ)တို့၏ သား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ချယ်ရီရိပ်သာလမ်းနေ ဒေါ်မြသိန်း၏ ခင်ပွန်း၊ ဦးဖန်ဆောင်–(ဒေါ်ညွန့်လှိုင်)တို့၏ ညီ၊ ဒေါ်ခင်ရီ(SAT–ငြိမ်း၊ အထက–၄၊ အင်းစိန်)၊ ဒေါ်မိုးမိုးမြတ်(SAT–ငြိမ်း၊ အထက–၁၊ အင်းစိန်)တို့၏ အစ်ကို၊ ဒေါ်မီမီသွယ်၏ ဘကြီး၊ ဦးအေးနိုင်–ဒေါ်သန်းသန်းမြင့်(သန်းသန်းမြင့်စတိုး)၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဦးအောင်ထူး–ဒေါ်ခင်ဖြူဖြူဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးဦးသန်းညွန့်သည် အထက်ပါနေအိမ်၌ ၁၀–၈–၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၁၁:၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၈–၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်လှ (၇၁) နှစ်

လက်ပံတန်းမြို့နယ်၊ ငှက်သိုက်ကျေးရွာနေ(ဦးအုံးဖေ–ဒေါ်ယုကင်)တို့၏ သမီး၊ ဦးရှုမောင်–ဒေါ်တင်လှ၊ ဦးသိန်းဟန်–ဒေါ်ခင်ရီတို့၏ညီမ၊ဦးကြည်အေး–ဒေါ်သိုလေးတို့၏ အစ်မ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ်၊မာလာမြိုင်(၄)လမ်း၊ (၁၆) ရပ်ကွက်၊ အမှတ်(၆၉)နေ (ဦးသိန်းအောင်)၏ဇနီး၊ မောင်ကြည်စိန်–မလဲ့လဲ့ဝင်း (တိုင်းဆောက်–၁၁)၊ မောင်မျိုးမင်းဦး (Traders Hotel) မသန်းသန်းဆွေ (မြန်မာနိုင်ငံ ရဲသတင်းတပ်ဖွဲ့)တို့၏ မိခင်၊ မောင်ဇေယျာထွန်း၏ အဘွားသည် ၈–၈–၂၀၀၃(သောကြာနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်ပါ၍၁၂–၈–၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောက်ဖြူအသင်း(ရန်ကုန်)

ဒေါ်ခင်ပု(၆၈)နှစ်

ကျောက်ဖြူမြို့နေ (ဦးခိုင်အောင်–ဒေါ်မေခိုင်)တို့၏ သမီး၊ ရန်ကုန်မြို့နေ ကျောက်ဖြူအသင်းဝင်များဖြစ်ကြသော အသင်းဒုဥက္ကဋ္ဌ (ဦးလှမောင်)၊ ဒေါ်ခင်လှ၊ ဒေါ်ခင်မြ၊ ဒေါ်ခင်နုတို့၏ ညီမ၊ ဒေါ်ခင်စု၊ ဦးအောင်ခင်တို့၏ အစ်မသည် လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၀)၌ ၇–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူအသင်းသားများနှင့် မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး

ဦးသန်းရွှေ(၇၇)နှစ်

မြန်မာ့မီးရထား(အငြိမ်းစား)

မိုးကုတ်/ယောဂီ

ရန်ကုန်မြို့၊ အမှတ်(၇)၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစံမြတ်–ဒေါ်မယ်တင့်)တို့၏ သား၊ (ဦးစိန်တင်–ဒေါ်အုံးခင်)တို့၏ သားသမက်၊ (ဒေါ်အေးမြင့်)၏ ခင်ပွန်း၊ ဦးစန်းလွင် (ကျိုက်ထီးရိုးစန်းလွင်)၊ ဦးအေးလွင်(မြန်မာ့မီးရထား)၊ ဒေါ်ခင်နွဲ့ရီ၊ ဦးမြင့်လွင်(မြန်မာ့မီးရထား)–ဒေါ်သီတာဝင်း၊ ဦးသက်လွင် (မြန်မာ့မီးရထား)–ဒေါ်မြင့်မြင့်အေး (မြန်မာ့မီးရထား)၊ ဒေါ်ခင်လှရီ၊ (ဦးဉာဏ်လွင်–မြန်မာ့မီးရထား)၊ ဒေါ်ခင်ပြုံးရီ၊မောင်ကျော်မင်းလွင်၊ မောင်ဟန်မင်းလွင် (ခေတ္တ–ဂျပန်)တို့၏ ကျေးဇူးရှင် ဖခင်ကြီးသည် ၉–၈–၂၀၀၃ရက်တွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၁–၈–၂၀၀၃ရက်မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ရီ(၅၉)နှစ်

ဒုတိယညွှန်ကြားရေးမှူး

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ရန်ကုန်တိုင်း၊ဆိပ်ကြီးခနောင်တိုမြို့နေ (ဦးကစ်–ဒေါ်တင်ကြည်–ဒေါ်ဖွားရှင်) တို့၏သမီးကြီး၊ မအူပင်မြို့နေ(ဦးဖိုးရှင်း–ဒေါ်လှဝေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၉)လမ်း၊ အမှတ် (၃၅/မြေညီထပ်)၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာနေ (ဦးတင်မြင့်၊ လ/ထညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန)၏ ဇနီး၊ ဦးမြင့်ဦး–ဒေါ်ခင်သိန်းရီ (သတ္တုတွင်းဝန်ကြီးဌာန)၊ (ဦးကျော်စိန်လွင် အမှတ် ၃၊ သတ္တုတွင်းလုပ်ငန်း)–ဒေါ်နန်းကြည်၊ ဦးအောင်ညွှန့်(အမှတ် ၃၊ သတ္တုတွင်းလုပ်ငန်း)–ဒေါ်ရီရီစမ်း၊ (ဦးထွန်းကျော်)–ဒေါ်ခင်အေးမိ၊ ဦးတင်ဝင်း–ဒေါ်ရီရီဆွေ၊ ဦးငွေအောင်–ဒေါ်သန်းသန်းတင့်၊ ဦးစန်းယု–ဒေါ်အေးအေးခိုင်၊ ဒေါ်တင်တင်ဝေ၊ ဦးကျော်စွာတို့၏အစ်မကြီး၊ တူ၊တူမ၂၀ ယောက်တို့၏ကြီးကြီးသည် ၉–၈–၂၀၀၃ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၁၃–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမများ။

ဦးမောင်သောင်း (၄၄)နှစ်

B.Sc (Bot;) 1991

ဆွေသဟာစားသောက်ဆိုင် (ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅) လမ်း၊ အမှတ်(၃၅/၃၆)နေ (ဦးခိုင်–ဒေါ်ရင်)တို့၏ သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၃၈/၁၅၀)၊ အခန်းအမှတ်(၃)နေ ဒေါ်ကြည်ကြည်စိန်၏ ခင်ပွန်း၊ မသီရိခိုင်ကျော် [IX(S)၊ အထက–၄၊ ဗိုလ်တထောင်]၏ ဖခင်၊ ကိုဖေချမ်း–ဒေါ်စီစီ(T.W)၊ ဒေါ်တင်ရီ – ဦးထွန်းအောင်(T.W)၊ ဒေါ်ခင်မေ–ဦးညွန့်ချို(T.W)၊ ဒေါ်ရီရီ–ဦးချင်းဗုာ(T.W)တို့၏ ညီ၊ ဦးမောင်မောင်ကျော်(T.W)–ဒေါ်မြမြဝင်း၊ ဦးဝင်းရွှေ–ဒေါ်သန်းသန်းရီ(ခေတ္တ–U.S.A)တို့၏ အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ ဦးလေး ဦးမောင်သောင်းသည် ၆–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၈–၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဟင်္သာတအသင်း

ဦးမောင်သောင်း (၄၄)နှစ်

ဆွေသဟာစားသောက်ဆိုင် (ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၁၃၈/၁၅၀၊ အခန်း(၃)နေ ဒေါ်ကြည်ကြည်စိန် (ဟင်္သာတအသင်း၊ ရာသက်ပန်အသင်းဝင်)၏ ခင်ပွန်း ဦးမောင်သောင်းသည် ၆–၈–၂၀၀၃ ရက်တွင် ကွယ်လွန်၍ ၁၂–၈–၂၀၀၃ (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀:၃၀ နာရီတွင် ထွက်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။) အမှုဆောင်အဖွဲ့။

ရဟန်းဒါယိကာမကြီး

ဒေါ်မြညွန့် (၉၃)နှစ်

(မြိတ်)

မြိတ်မြို့၊ ဈေးတန်းရပ်နေ (ဦးကြင်နု–ဒေါ်ဆန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရေကျော်၊ ဒေါနလမ်း၊ အမှတ်(၄)နေ (ဦးသွယ်၊အမြတ်ခွန်ဝန်ထောက်၊ ငြိမ်း)၏ ဇနီး၊ ဦးခင်မောင်မြင့်(ဒု–အထွေထွေမန်နေဂျာ၊ ယဉ်/စက်ကုန်သွယ်ရေး၊ ငြိမ်း၊ Trade-1)–ဒေါ်မြင့်မြင့်၊ ဦးအန်ကြည်(ဒု–အင်ဂျင်နီယာချုပ်၊ ရေအား၊ M.E.P.E၊ ငြိမ်း)–ဒေါ်သန်းနွဲ့၊ ဦးအောင်နိုင်ထွန်း–ဒေါ်ရီရီသွယ်(ခေတ္တ–S'pore)၊ ဦးရဲမြင့်–ဒေါ်ခင်အေးသန်း (ခေတ္တ–S'pore)တို့၏ မိခင်၊ မြေး၁၂ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည် ၇–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်မြညွန့် (၉၃)နှစ်

(မြိတ်)

မြိတ်မြို့၊ ဈေးတန်းရပ်နေ (ဦးကြင်နု–ဒေါ်ဆန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရေကျော်၊ ဒေါနလမ်း၊ အမှတ်(၄)နေ (ဦးသွယ်)၏ဇနီး၊ဦးမျိုးကြည်(M.L Aluminium)၊ဦးမောင်မောင်သန်း(လ/ထညွှန်မှူး၊ MOFA)–ဒေါ်အိအိခိုင်၊ ဦးအောင်မြ(ဟိုတယ်/ခရီး)–ဒေါ်အေးအေးမြင့်(ဟိုတယ်/ခရီး)၊ ဦးမောင်မောင်မြင့်(Trade-1)–ဒေါ်နုနုလွင်၊ ဒေါ်မြတ်မြတ်ခိုင်(Programmer, IT, AWB)၊ ဦးသိမ်းဆွေမြင့်(ဆင်မင်းဘိလပ်မြေစက်ရုံ၊ ကျောက်ဆည်)၊ မအေးမြတ်စိုး၊ မသက်သက်ခိုင်၊ မယုယုခိုင်၊ ကိုမင်းသော်–မစုစုခိုင်၊ မကေသွယ်ထွန်း၊ မဝါဝါရဲမြင့်တို့၏ အဘွား၊ မောင်ထက်အောင်ရှိုင်း(III-A၊ အထက–၁၊ဒဂုံ)၊ မဆွေဇင်နှင်းလဲ့၊ မခိုင်သဇင်မြင့်တို့၏ ဘွားဘွားကြီးသည် ၇–၈–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၈–၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမြေးမိသားစု။

ဒေါ်တင်တင်ရီ (၅၉)နှစ်

ဒုတိယညွှန်ကြားရေးမှူး

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ရန်ကုန်တိုင်း၊ ဆိပ်ကြီးခနောင်တိုမြို့နေ (ဦးကစ်–ဒေါ်တင်ကြည်–ဒေါ်ဖွားရှင်) တို့၏သမီးကြီး၊ မအူပင်မြို့နေ (ဦးဖိုးရှင်း–ဒေါ်လှဝေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၉)လမ်း၊ အမှတ်(၃၅)၊ (မြေညီထပ်)၊ အမှတ်(၂)၊ သတ္တုတွင်း လုပ်ငန်း၊ဝန်ထမ်းအိမ်ရာနေ (ဦးတင်မြင့်–လ/ထညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန)၏ ဇနီး၊ ဒေါ်မေသင်းမြတ်–ဦးခင်မောင်အေး၊ ဒေါ်ခေမာမြင့်(ခေတ္တ–ဂျပန်)–ဦးသော်ဝင်းဇော်(ခေတ္တ–ဂျပန်)၊ မောင်သွင်ဖြိုး AGTI (ဝါးခယ်မ)တို့၏ ချစ်လှစွာသောမိခင်၊ မသီရိဇွန်၏ အဘွားသည် ၉–၈–၂၀၀၃ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၃–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ငွေစိန်(၆၆)နှစ်

(ဖားအောက်)

မုဒုံမြို့နယ်၊ ဖားအောက်ရွာနေ (ဦးရှန်–ဒေါ်ကြွယ်)တို့၏ သမီး၊ ဒေါ်ခင်စိန်၊ (ဒေါ်အေးမြိုင်)၊ ဒေါ်ဖွားစိန်၊ ဒေါ်တင်စိန်တို့၏ ညီမ၊ ဦးလှထွန်း၊ (ဒေါ်တင်ရိုန်)၊ ဒေါ်စောသိန်း၊ ဦးတင်လှ၊ (ဦးလင်းကြည်)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက်၊ စပယ်လမ်း၊အမှတ်(၁၂)၊ (ခေတ္တအမှတ်–၂၄၊ ယုဇနလမ်း၊ ရေကျော်ရပ်ကွက်)နေ (ဦးမျိုးဝင်း–ဆသရ)၏ ဇနီး၊ ကိုသန်းဝင်း–မစန္ဒာဝင်း(ကြေးနန်းရုံး၊ငွေစာရင်း)၊ မောင်မောင်မြင့်တို့၏ မိခင်၊ မောင်ထက်အောင်လင်း၏ အဘွားသည် ၁၀–၈–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂–၈–၂၀၀၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြ (၅၆)နှစ်

ရတနာအိုင့်ရပ်၊ ချောက်မြို့

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ တိုက် (၁၅၈)၊ အခန်း(၁၀၂)နေ (ဦးအေးမောင်)–ဒေါ်အုန်းမြိုင်တို့၏ သမီး၊ (ဦးပြောင်–ဒေါ်စိန်ဖော့)တို့၏ သမီးချွေးမ၊ (ဦးလေးမောင်၊ MPPE ချောက်မြို့)၏ ဇနီး၊ ကိုကျော်သောင်း(ဒါရိုက်တာ၊ Golden Woodland Co.,)–မခင်သန်းမြင့်၊ ကိုသန်းနိုင်ဦး(ခ)ကိုရောဘတ်ဝင်း(အုပ်ချုပ်မှုဒါရိုက်တာ၊ Royal Pacific Co.,)တို့၏ ချစ်လှစွာသော အစ်မကြီး၊ ကိုတင့်လွင်ဦး၊ မခင်အေးမူ၊ မောင်လှိုင်ဝင်းထွန်းတို့၏ မွေးသမိခင်၊ မဇာခြည်လွင်၏အဘွားသည် ၇–၈–၂၀၀၃ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈–၈–၂၀၀၃ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သီတာစိန် (၄၈)နှစ်

အထက်တန်းပြဆရာမ

အထက(၅)၊ ရမ်းတဲ

(မိတ္ထီလာ)

မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်၊ နယ်မြေ(၃)၊ အမှတ်(မ/၉၁)၊ နွေးထွေးရိပ်ငြိမ်ရပ်နေ (ဦးလှစိန်–အငြိမ်းစားအခွန်ဝန်)၊ ဒေါ်ကြည်ကြည်လှတို့၏ သမီး၊ ဒေါ်ယုယု(ပညာရေးကောလိပ်၊ မန္တလေးမြို့)၊ ဒေါ်နုနုရည်၊ (ဦးစိုးဝင်းနိုင်)၊ ဦးအေးချိုတို့၏ ညီမ၊ ဒေါက်တာအေးကိုကို(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ တောင်သာ)၊ ဒေါ်ခင်ချိုဝင်း၊ ဒေါ်နီလာ၊ ဦးအောင်မြတ်ကျော် (ဂျူးဂျူးစာပေ၊ မိုးမိတ်)၊ ဒေါ်ခင်ဝင်းကြည်၊ ဦးသူရ၊ ဒေါ်ပန်းမာလာတို့၏ အစ်မ၊ မဖြူစင်လင်း(ပညာရေးတက္ကသိုလ်၊ စစ်ကိုင်း)၊ ဝေဖြိုးကိုကို၊ ရဲရင့်အောင်နှင့် တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ် ဒေါ်သီတာစိန်သည် ၅–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၃ရက်တွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း ဒါယိကာမကြီး

ဒေါ်ကြည်(ခ)ဒေါ်တင်ကြည် အသက်(၅၆)နှစ်

(ဇရပ်ကွင်း)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာနေ ဦးမောင်ခင်–ဒေါ်မြတို့၏ သမီး၊ ဦးအောင်မြင့်၏ ချစ်လှစွာသော ဇနီး၊ မခင်သန္တာမြင့် [B.A.(Q)M.A First Year (History) Y.U]၊ မောင်ဇင်မင်းအောင် [E.C (First Year)]၊(မအူပင်၊ G.T.C)၊ မောင်မျိုးမင်းကျော်တို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင် ဒေါ်တင်ကြည်သည် ၉–၈–၂၀၀၃ (စနေနေ့)တွင် ကွယ်လွန်သွား ပါ၍ ၁၃–၈–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဇရပ်ကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းသိန်း (၄၉)နှစ်

B.Sc (Zool)

(ယခင်ငါးဦးစီးသုတေသန)

(စစ်တွေ)

စစ်တွေမြို့ (ဦးဦးသာထွန်း–ဒေါ်သိန်းမေ)တို့၏ သားထွေး၊ (ဦးသာထွန်းဦး)–ဒေါ်လှနုအေး၊ ဦးစံမင်း(လေယာဉ်မှူး၊ ငြိမ်း)–ဒေါ်စံသာ၊ (ဦးအောင်မြင့်၊ SAT)–ဒေါ်သောင်းဟန်၊ ဦးထွန်းဝင်း (အထက်တန်းရှေ့နေ)–ဒေါ်သိန်းဟန်၊ Dr.တင်ထွန်းအောင်(ခေတ္တ– H.K)–ဒေါ်မီမီခိုင်(ခေတ္တ– H.K)၊ ဦးဇော်ဝင်း–ဒေါ်မြသူဇာ(လ/ထညွှန်မှူး၊ အကောက်ခွန်)တို့၏ ညီငယ်/မောင်ငယ်၊ တူ၊ တူမ ၁၄ယောက်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏ဘိုးဘိုးထွီး ဦးထွန်းသိန်းသည် ၉–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်သောင်း (၄၄)နှစ်

B.Sc (Bot;) 1991

ဆွေသဟာစားသောက်ဆိုင် (ကြည့်မြင်တိုင်)

ဟင်္သာတမြို့နေ ဦးကျော်စိန်–ဒေါ်မြသွင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် (၁၃၈/၁၅၀)၊ အခန်းအမှတ်(၃)နေ ဒေါ်ကြည်ကြည်စိန်၏ ခင်ပွန်း၊ မသီရိခိုင်ကျော်[IX(S)၊ အထက–၄၊ ဗိုလ်တထောင်]၏ ဖခင်၊ ဒေါ်မိုးမိုးကျော်(ပဓာတ်ခွဲမှူး၊ ကြို့ကုန်း)–ဦးကျော်သူလှ (N.G.O)၊ ဒေါ်တိုးတိုးကျော်(နည်းပြ၊ သမိုင်းဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ကိုစိုးလင်းကျော်[B.Sc (Chem;)]၊ မခင်ဆွေဆွေကျော်[3rd year (Hons;)၊ ဟင်္သာတတက္ကသိုလ်]တို့၏ အစ်ကို ဦးမောင်သောင်းသည် ၆–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၈–၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဗဟန်းမြို့နယ်၊ သံဃနာယကဒုတိယဥက္ကဋ္ဌ ဆရာတော်

ရန်ကုန်တိုင်း၊ သံဃဝန်ဆောင် မှန်နန်းကျောင်းတိုက်

ပဓာနနာယကဆရာတော်

ဘဒ္ဒန္တ ဥတ္တမ

သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်

ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ မှန်နန်းကျောင်းတိုက်၏ ပဓာနနာယကဆရာတော်အရှင်ဥတ္တမသည် (၁၃၆၅ခု၊ ဝါခေါင်လဆန်း ၁၂ရက်) ၉–၈–၂၀၀၃ (စနေနေ့) နံနက် ၇:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍၁၃–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဝိဇယ

သိက္ခာတော် (၁၉) ဝါ၊ သက်တော် (၆၁) နှစ်

ပဲခူးတိုင်း၊ ပဲခူးမြို့၊ ကလျာဝတီရပ်ကွက်၊ သာသနာ့ဟိတကာရီကျောင်း၊ ပဓာနနာယက–ကမ္ဘာ့သာသနာပြု–တောင်ပုလုဆရာတော်ကြီး၏ တပည့် ဘဒ္ဒန္တဝိဇယသည် (၁၃၆၅ခုနှစ်ဝါခေါင်လဆန်း ၁၀ရက်)၇–၈–၂၀၀၃(ကြာသပတေးနေ့)နံနက်၅:၃၅နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းဇီဝိတဒါန သံဃာ့ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိ ဈာပနကျင်းပပြီးဖြစ်ပါကြောင်း ရပ်နီး၊ရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆွေမျိုးများနှင့်တပည့်များ၊ရန်ကုန်မြို့။

ကျေးဇူးတင်ရှိခြင်း

၄–၈–၂၀၀၃ရက်နေ့တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးစိုးညွန့် (၈၇)နှစ် (ပြွန်တန်းဆာ)အား နာမကျန်းဖြစ်ချိန်မှ ကွယ်လွန်ချိန်အထိ ကြပ်မတ်ကုသပြုစုပေးခဲ့သော အာရှတော်ဝင် အထူးကုဆေးခန်းမှ ဆရာဝန်များ၊ သူနာပြုများအားလည်းကောင်း၊ စေတနာအပြည့်အဝဖြင့် အထူးကြပ်မတ်ကုသပေးခဲ့သော ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်ကြီးအား လည်းကောင်း၊ ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီပံ့ပိုးကြသော စစ်ဘက်၊ နယ်ဘက်နှင့် ဌာနဆိုင်ရာ အသီးသီးအားလည်းကောင်း၊ ဖခင်ကြီး၏နောက်ဆုံးခရီးတွင် တရားဓမ္မများဖြင့် ကြွရောက်ချီးမြှင့်အားပေးသည့် အောင်ဆန်းဆရာတော်နှင့် သံဃာတော်များအားလည်းကောင်း၊ ပင်မဗုဒ္ဓဝါဒီဆရာတော်အားလည်းကောင်း၊ ရွှေမြိုင်သီရိစာသင်တိုက်မှ သီလရှင်များအားလည်းကောင်း၊ ပြွန်တန်းဆာအသင်းနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း ကျေးဇူးတင်ထိုက်သူ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး

ဒေါ်ထွေးရီ အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်း၊ အမှတ်(၈၅)နေ (ဦးစိုးမင်း–ဒေါ်နှင်းမေ)တို့၏ သမီး၊ (ဦးလှဝင်း)၏ ဇနီး၊ ဦးအောင်စိုး–ဒေါ်ခင်မြင့်တို့၏ မွေးသမိခင်၊ ဦးထင်ကျော်ဝင်း(အကောက်ခွန်)–ဒေါ်တင်တင်မြ(အကောက်ခွန်)တို့၏ အဘွား ဒေါ်ထွေးရီသည် ၁၀–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၈–၂၀၀၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုကျော်ထူး(ပါစီ)(၃၉)နှစ်

B.Sc. Phys., A.G.T.I.(Mech)

Ultra Shine Int'1. Co., Ltd.

သားရင်းပမာချစ်ရပါသော တူလေး မောင်ကျော်ထူး(ပါစီ)သည် ၇–၈–၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် နှမြောတသယူကျုံးမရ ဝမ်းနည်းကြေကွဲရပါသည်။

သားလေး ပါစီ ကောင်းမွန်ရာ ဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

အစ်ကို–ဦးတင်အောင်–အန်တီ–ဒေါ်ခင်မာမာ(ကော့သောင်း)၊

ညီ–အောင်သီဟ–အငယ်လေး၊

အောင်သူရ(Second Year Zool)၊

သက်ထွန်းအောင် (Second Year Eco.)၊

ညီမ–ဒေါက်တာဝင်းအောင်–ခင်နန္ဒာအောင် (Gec)၊

ခင်ဟေမာန်အောင် (Third Year Law)။

ဦးတင်ငွေ(ခ)ဦးတာ(၇၁)နှစ်

ဌာနခွဲမှူး(အငြိမ်းစား)

မြန်မာ့အထည်အလိပ်လုပ်ငန်း

ဦးမြ–ဒေါ်အုန်းခင်တို့၏သား၊ ဦးဝင်းမောင်၏ ညီ၊ ဒေါ်သိန်းမြင့်(ဒေါ်ပုစီ)၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၅)လမ်း၊ အမှတ်(၂၂)နေ ဒေါ်လှဝင်း၏ခင်ပွန်း၊ ဦးကျော်မြင့်၊ ဦးဝဏ္ဏသာရ (ဦးဝင်းအောင်)၊ ဦးကျော်ဝင်း၊ ဦးစိုးတင့်(Aung Brothers Trading)–ဒေါ်ခင်တင့်ဆွေ၊ ကိုအောင်နိုင်၊ ကိုသိန်းဇော်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်ကျော်မြင့်၊ မမိုးသူဟန်တို့၏ အဘိုးသည် ၁၀–၈–၂၀၀၃ (တနင်္ဂနွေနေ့)တွင်ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂–၈–၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်အောင် အသက်(၆၇)နှစ်

ကုန်တိုက်(၁)၊ (ငြိမ်း)၊

(ကျိုက်လတ်)

ကျိုက်လတ်မြို့၊ (၅)လမ်းနေ (ဦးဘရှင်–ဒေါ်ချစ်မေ)တို့၏ သား၊ ဦးထွန်းအောင်၊ ဒေါ်စိန်ရွှေ၊ ဒေါ်မြမြ၊ ဒေါ်မြမိတို့၏ ညီ/မောင် ဦးတင်အောင်သည် ၉–၈–၂၀၀၃ရက်တွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁–၈–၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အခန်း–၈၀၅၊ Tosta Plaza လေးဒေါင့်ကန်လမ်းမ(ဇဝန) သဃ်္ဃန်းကျွန်းမြို့နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်ဒါယကာ

ဦးတင်ရီ (၇၂) နှစ်

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နေ (ဦးဘဆန်း–ဒေါ်ဖွားစံ)တို့၏သား၊ ခရမ်းမြို့နေ (ဦးကြိုင် – ဒေါ်ငြိမ်းမယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၁၅၁)၊ မင်းရဲကျော်စွာ(၆)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်မြင့်သူ၏ ခင်ပွန်း၊(ဦးမြင့်ဦး) –ဒေါ်စိုးစိုးဝင်း (မြင်သာဈေး)၊ ဦးသန်းဦး–ဒေါ်သန်းသန်းအေး၊ ဦးဝေလွင်(Family Tree Video)–ဒေါ်စန်းစန်း၊ ဦးခင်မောင်လွင်(ဆိမ်ကမ်းအာဏာပိုင်) – ဒေါ်ကြည်ကြည်လွင် (ပြည်တွင်းရေကြောင်း)၊ ဦးငွေလွင် (Asia World Co Ltd)–ဒေါ်ခင်မျိုးအေးတို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည်၉–၈–၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၁၁–၈–၂၀၀၃(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပဲခူးအသင်း(ရန်ကုန်)

ဦးထွန်းအောင်အသက်(၇၀)

အမှုဆောင်ဟောင်း

ပဲခူးတိုင်း၊ ဘုရားကြီးမြို့၊ ပြည်တော်သာလမ်း၊ အမှတ်(၄၅)နေ (ဦးစံတင်–ဒေါ်စောတင်)၊ ဒေါ်ချစ်ချစ်တို့၏ သားသည် ၁၀–၈–၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂–၈–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းသား၊ အသင်းသူများ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၆၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)

လှိုင်သာယာစက်မှုမြို့ သတ္တုပစ္စည်းစက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာစက်မှုမြို့ရှိ Southern Metal Industry Co., Ltd ၏ စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာ စက်မှုမြို့ အပိုင်း(၄) ဒီပဲယင်း ဝန်ထောက် ဦးမြလမ်းရှိ Southern Metal Industry Co., Ltd ၏ စက်ရုံသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား Southern Metal Industry Co., Ltdမှ မန်နေဂျင်းဒါရိုက်တာ ဦးရန်ဟော်နှင့် တာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား စက်ရုံခန်းမ၌ Southern Metal Industry Co., Ltdမှ ဒါရိုက်တာ ဦးယုမွန်က လှိုင်သာယာစက်မှုမြို့ရှိ Southern Metal Industry Co., Ltdစက်ရုံသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Southern Metal Industry Co., Ltdမှ အထွေထွေမန်နေဂျာ ဦးဇော်ထွန်းအောင်က **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား လှိုင်သာယာစက်မှုမြို့ရှိ Southern Metal Industry Co.Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရန်ဟော်က အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၂၇၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၂၁၁၀၈၂

ဒေသတည်ငြိမ်အေးချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက် တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း ဖောက်လုပ်ပေးခဲ့ နမ့်မွေချောင်းကူးတံတားကြီး တည်ဆောက်ပေါ်ထွန်း

သတင်းဆောင်းပါး -တောင်တွင်းဘိုသိန်း၊ ဓာတ်ပုံမှတ်တမ်း -ဆောက်လုပ်ရေး

ရန်ကုန် ဩဂုတ် ၁၀

အမှန်စင်စစ် တာချီလိတ်ခရိုင် တာလေ-ပါလျှိုး-ကျိုင်းလပ်ဒေသသည် မိမိနှင့် စိမ်းလှသည်မဟုတ်ပါ။ သုံးလေးကြိမ်ရောက်ခဲ့ဖူးပြီးဖြစ်သည်။ နယ်မြေဒေသ မငြိမ်းချမ်းမီအချိန်ကလည်း ရောက်ခဲ့ပြီ။ ငြိမ်းချမ်းပြီးအချိန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

နမ့်မွေ ချောင်းကူး ဘေလီတံတား

တာချီလိတ်ခရိုင် တာလေ-ပါလျှိုး-ကျိုင်းလပ် လမ်းပေါ်ရှိ **အရှည်ပေ ၃၀၀ ၊ အနံ ၁၄ ပေရှိ တစ်လွှာတစ်ထပ်ဘေလီ နမ့်မွေချောင်းကူးတံတားကြီးကို ၂၀၀၃ ခုနှစ် မတ်လတွင် တည်ဆောက်ပြီးစီးနေသည်ကို ဤသို့တွေ့ရသည်။**(ဓာတ်ပုံ-ဆောက်လုပ်ရေး)